# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကပ်ငြိစိတ်မရှိသူ**

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌာဘုံသို့ အစဉ်အတိုင်း သွားမည့်သူဟု ဆိုအပ်၏။

ပိဋကတ်(ဓမ္မပဒ - ၂၁၈)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ သောကြာနေ့ အတွဲ (၆၃)၊ အမှတ်(၁၂၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁/၂၀၂၄) တွင် အမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁/၂၀၂၄) သို့ တက်ရောက် အမှာစကားပြောကြား

## နိုင်ငံတည်ငြိမ်အေးချမ်းပြီး လူတိုင်းအေးချမ်းသာယာစွာဖြင့် လူမှုစီးပွားဘဝများ တိုးတက်အောင် နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး အေးချမ်းစွာပညာသင်ကြားနိုင်ရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၄) ကိုကျင်းပ၍ ၆ လတာ ကာလအတွင်း နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို


*စာမျက်နှာ ၄ ကော်လံ ၁* ❖

**ယနေ့** *မာ တိ ကာ*


**ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမား ၁၃၀၀ ကျော်ကို ခေါ်ယူရန် ရှိနေ**
ပြည်တွင်းသတင်း စာ ၃

**ပြီးခဲ့သည့်နှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ရှေးဟောင်းသုတေသနပြတိုက် (ပုဂံ) သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွား ဝင်ရောက်မှုမှတစ်ဆင့် ဝင်ငွေကျပ် ၃၈၅ သိန်းကျော် ရရှိခဲ့**
ပြည်တွင်းသတင်း စာ ၅

**တောင်ဇလပ်တို့ မွှေးပျံ့ချိန်**
ဆောင်းပါး စာ ၁၀

# နိုင်ငံတစ်ဝန်း အေးချမ်းသာယာရေးနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေး

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၄) တွင် အဖွဲ့ဝင်များအားလုံး၏သဘောတူဆွေးနွေးဆုံးဖြတ်ချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတစ်ဝန်းလုံးအရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ခဲ့သည်။ လက်ရှိနိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် သာမန်မဟုတ်သည့်အခြေအနေများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန်လိုအပ်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တာဝန်ထမ်းဆောင်ခွင့်ကို မဖြစ်မနေသက်တမ်းတိုးမြှင့်ရဦးမည် ဖြစ်သကဲ့သို့ ၆ လတာကာလ ကြိုးပမ်းဆောင်ရွက်ချက်များမှ ထွက်ပေါ်လာသည့်ရလဒ်များပေါ် မူတည်၍ လိုအပ်ပါက ထပ်မံသက်တမ်းတိုးမြှင့်ပေးသွားရဦးမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် ပြည်သူများ၏ ထောက်ခံဆန္ဒမဲများဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိသည့်နိုင်ငံဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီလမ်းကြောင်း မတိမ်းစောင်းခဲ့ပါက ယနေ့မိမိတို့ ကြုံတွေ့နေရသည့် လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်အနိဋ္ဌာရုံများနှင့် အရေးပေါ်ကာလအခြေအနေများဖြစ်ပေါ်လာမည်မဟုတ်ဘဲ တတိယမြောက်အစိုးရ၊ တတိယမြောက်လွှတ်တော်သက်တမ်းတို့ကို ဖြတ်ကျော်နေကြရမည့်အချိန်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည်အမြင့်ဆုံးသော တရားဝင်နိုင်ငံရေးစင်မြင့်ဖြစ်သည်။ ရွေးကောက်ပွဲလမ်းကြောင်းမှတစ်ဆင့် လွှတ်တော်သို့ ဂုဏ်သိက္ခာရှိစွာ ရောက်ရှိလာကြသည့် ပြည်သူတို့က ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များအနေဖြင့် ဒေသအကျိုး၊ ဒေသခံတိုင်းရင်းသားပြည်သူများအကျိုးအတွက် အမြင့်ဆုံးသောနိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်တွင် တောင်းဆိုနိုင်သည်။

လွန်ခဲ့သည့်သုံးနှစ်တာကာလအတွင်း နိုင်ငံ၌ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများသည် နိုင်ငံရေးအရ မကျေလည်မှုများကို အခြေခံသော်လည်း နိုင်ငံရေးနည်းလမ်း၊ တရားဥပဒေတွင်းနည်းလမ်းများဖြင့် ဖြေရှင်းမှုမပြုဘဲ လက်နက်ကိုင်ထိပ်တိုက်ရင်ဆိုင်အကြမ်းဖက်နည်းလမ်းတို့ကို ဆင်ခြင်တုံတရားကင်းမဲ့စွာ စွဲကိုင်ကျင့်သုံးခဲ့ကြခြင်းကြောင့် နိုင်ငံရော ပြည်သူတို့ပါ များစွာထိခိုက်နစ်နာခဲ့ရသည်။ စစ်အာဏာရှင် ကျဆုံးရေး၊ ဖက်ဒရယ်အရေး၊ ဒီမိုကရေစီအရေးဟူ၍ ကျယ်ကျယ်လောင်လောင် ကြွေးကြော်နေကြသော်လည်း လက်နက်အားကိုးဖြင့် တစ်ဗိုလ်တစ်မင်းသြဇာအာဏာထူထောင်နေကြသူများ၊ တိုင်းရင်းသားလူမျိုးစုများအတွင်း လူမျိုးရေးမုန်းတီးမှုဝါဒကို သွတ်သွင်းကာ နယ်မြေဖွဲ့ထုတ်အုပ်ချုပ်လိုကြသည့် စစ်ဘုရင်ဝါဒီများ၏ ဟန်ဆောင်မှုသက်သက်သာ ဖြစ်သည်။ ဒီမိုကရေစီကို အမှန်တကယ်ယုံကြည်ပါက ဒေသခံပြည်သူတို့၏ အသည်းကြားမှ မဲတစ်ပြားဖြင့် ရွေးကောက်တင်မြှောက်မှုကို ခံယူပြီး လွှတ်တော်နိုင်ငံရေးဖြင့် ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ဂုဏ်သိက္ခာရှိရှိ ထမ်းဆောင်နိုင်သည်။ အရည်အချင်းမြင့်မားသူ၊ စိတ်နှလုံးကြီးမားကျယ်ပြန့်သူများဆိုပါက ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် ပြည်ထောင်စုသားအားလုံးတို့၏ အကျိုးအတွက် ကြီးမားလှသည့်တာဝန်ကို ဂုဏ်သိက္ခာမြင့်မားစွာဖြင့် ထမ်းဆောင်နိုင်သည်။

လက်ရှိကာလ မိမိတို့နိုင်ငံအတွက် အဓိကလိုအပ်ချက်မှာ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပင် ဖြစ်သည်။ ထို့အပြင် ရွေးကောက်ပွဲအတွက် မဲစာရင်းများ မှန်ကန်မှုရှိစေရေး ယခုနှစ်အောက်တိုဘာလအတွင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ခိုင်မာအောင်တည်ဆောက်ရာတွင် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု၊ စည်းကမ်းရှိမှုတို့ဖြင့် တစ်တပ်တစ်အား ဝိုင်းဝန်းပါဝင်ကြရပါမည့်အကြောင်း။ ။

## လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Neta U နှင့် Neta V အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Chin Dwin Shan Construction Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Seagull အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Arr Thit Man Motor Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIMA အမျိုးအစား လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များနှင့် ဆိုင်ကယ်အပိုပစ္စည်းများ၊ Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFO ∝ T အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အားသွင်းစက်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

**(၁)** **ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။**

**(၂)** **တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။**

**(၃)** **တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။**

**(၄)** **နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။**

**(၅)** **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။**

## မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ ဆုတောင်းပြည့်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော်အပါး ၄၀ တို့အား လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ကုသပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၄-၁-၂၀၂၄) ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၉-၁၀-၂၀၂၃)ရက်နေ့မှ (၂၂-၁၂-၂၀၂၃)ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း နှစ်ဦးနှင့် အထွေထွေ ၃၇ ဦး ပေါင်း ၄၀ ဦးကို လည်းကောင်း၊ သတင်း အေဂျင်စီလုပ်ငန်းလျှောက်ထားသူ တစ်ဦးကို လည်းကောင်း အသိ အမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၃၈၀ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၇ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၄၈၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်** ၁၇ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်

(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

**ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်ကို ပိုမိုမြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | နိုင်ငံတော်ဝန်ကြီးချုပ် | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် |
| (၂) | ဒုတိယဝန်ကြီးချုပ် | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း |
| (၃) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီး မြထွန်းဦး |
| (၄) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီး တင်အောင်စန်း |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် |
| (၆) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဝင်းရှိန် |
| (၇) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဦးသန်းဆွေ |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး<br>ဝန်ကြီးဌာန (၁) | ဦးကိုကိုလှိုင် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး<br>ဝန်ကြီးဌာန (၂) | ဦးအောင်နိုင်ဦး |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး<br>ဝန်ကြီးဌာန (၃) | ဦးအောင်ကျော်ဟိုး |
| (၁၁) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး<br>ဝန်ကြီးဌာန (၄) | ဗိုလ်ချုပ်ကြီး မိုးအောင် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီး<br>ထွန်းထွန်းနောင် |
| (၁၃) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား<br>ဆက်သွယ်ရေးဝန်ကြီးဌာန | ဒေါက်တာ ကံဇော် |
| (၁၄) | ပြည်ထောင်စုဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | ဒေါက်တာ သီတာဦး |
| (၁၅) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဦးမောင်မောင်အုန်း |
| (၁၆) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဦးတင်ဦးလွင် |
| (၁၇) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဦးမင်းနောင် |
| (၁၈) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ဦးလှမိုး |
| (၁၉) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးခင်မောင်ရီ |
| (၂၀) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးညဏ်ထွန်း |
| (၂၁) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | ဦးကိုကိုလွင် |
| (၂၂) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒေါက်တာ ချာလီသန်း |
| (၂၃) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | ဦးမြင့်ကြိုင် |
| (၂၄) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ဦးမြင့်နောင် |
| (၂၅) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | ဦးထွန်းအုံ |
| (၂၆) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒေါက်တာ ညွှန့်ဖေ |
| (၂၇) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒေါက်တာ မျိုးသိန်းကျော် |
| (၂၈) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာ သက်ခိုင်ဝင်း |
| (၂၉) | ပြည်ထောင်စုဝန်ကြီး<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ဦးမင်းသိန်းဇံ |
| (၃၀) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဦးမျိုးသန့် |
| (၃၁) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒေါက်တာ စိုးဝင်း |
| (၃၂) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ဒေါက်တာ သက်သက်ခိုင် |
| (၃၃) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | Jeng Phang နော်တောင် |
| (၃၄) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ဦးဇော်သန်းသင်း |

(ပုံ)

**မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမား ၁၃၀၀ ကျော်ကို ခေါ်ယူရန် ရှိနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမား ဦးရေ ၁၃၀၀ ကျော် ခေါ်ယူရန်ရှိနေကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ထုတ်ပြန်အသိပေးလာချက်အရ သိရသည်။

အဆိုပါ အချက်မှာ မြန်မာသံရုံးမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ဇန်နဝါရီ ၃၁ ရက်အတွင်း စိစစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၁၆ ခုနှင့် ပတ်သက်သည့် အချက်အလက်များအား အသိပေးထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းဖြစ်သည်။

အဆိုပါထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာအလုပ်သမား အမျိုးသား ၄၀၀ ကျော်၊ အမျိုးသမီး ၉၀၀ ကျော် စုစုပေါင်းဦးရေ ၁၃၀၀ ကျော်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်အရ မြန်မာသံရုံးအနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာ (Demand Letter) များကို အချိန်နှင့်တစ်ပြေးညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထိုသို့စိစစ်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေး ကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်း အထောက်အထားများစိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်းကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စိစစ်ပေးပို့ပြန်ကြားခဲ့သော အလုပ်ကမ်းလှမ်းစာ ၁၉၀ ခုတွင် မြန်မာအလုပ်သမား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ဦးရေ ၆၀၀ ခန့် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

**MT**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း)၊ လွိုင်လင်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ဖလမ်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ❑ နိုင်ငံရေး ရည်မှန်းချက်နှစ်ရပ်မှာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးပင်ဖြစ်
# ❑ အမျိုးသားရေး ရည်မှန်းချက် နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးပင်ဖြစ်

**○ မိမိတို့၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍တရားမျှတသော သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်**

**○ ဦးတည်ချက်များတွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု ပါဝင်**

**○ မိမိတို့အနေဖြင့် တာဝန်ထမ်းဆောင်ပြီးစီးပါက ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို လွှဲပြောင်း၍ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ခေါ်ယူဆောင်ရွက်သွားရမည်**

❖ *ရှေ့ဖုံးမှ*

ရှင်းလင်းတင်ပြခဲ့ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ အရေးပေါ်ကာလသက်တမ်းကို ထပ်မံတိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း။

**သာမန်အခြေအနေပျက်ယွင်း**

မိမိတို့ နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူချိန်ကာလမှစ၍ ရှေ့လုပ်ငန်းစဉ်များချမှတ်ရာ၌ မဲမသမာမှုများကို ရွေးကောက်ပွဲကော်မရှင်မှ စစ်ဆေးဖော်ထုတ်သွားမည်ဆိုသည့် အချက်ပါဝင်ခဲ့ပြီး တစ်နှစ်ကျော် ကာလအတွင်း ဖော်ထုတ်ပြီးစီးခဲ့ကြောင်း၊ သို့သော် ရွေးကောက်ပွဲရလဒ်အပေါ် အရေးယူဆောင်ရွက်မှုအပေါ် ကျေနပ်မှုမရှိသူများက သာမန်ဆန္ဒပြမှုများမှတစ်ဆင့် ဆူပူဆန္ဒပြမှုများ၊ ၎င်းမှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှုများ၊ မိုင်းခွဲတိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သဖြင့် သာမန်အခြေအနေ ပျက်ယွင်းသွားကြောင်း၊ ထိုသို့ အကြမ်းဖက်တိုက်ခိုက်သည့် နည်းများဖြင့် ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်ခဲ့မည်ဆိုပါက အရေးပေါ်ကာလ ပြဋ္ဌာန်းမှုမှာ ယခုကဲ့သို့ကြာမြင့်ခဲ့မည်မဟုတ်ကြောင်း။

အလားတူ EAO များနှင့်ပတ်သက်၍ မိမိတို့ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် NCA လက်မှတ်ရေးထိုးထားသော EAO အဖွဲ့များအနက် KNU မှ သဘောထားတင်းမာသူအချို့၊ CNF နှင့် ABSDF တို့သည် အကြမ်းဖက်လမ်းစဉ်တွင် ပါဝင်ခဲ့ကြောင်း၊ လက်မှတ်ရေးထိုးမထားသည့် အဖွဲ့များထဲမှ KIA အဖွဲ့အနေဖြင့်လည်း နိုင်ငံရေးအရ သဘောထားကွဲလွဲသူများကို အကြမ်းဖက်တိုက်ခိုက်သည့် သင်တန်းများ၊ မိုင်းထောင်ဖောက်ခွဲသည့် သင်တန်းများ သင်ကြားပေးပြီး လက်နက်ခဲယမ်းများ ထောက်ပံ့ပေးခဲ့ကြောင်း၊ KNPP အဖွဲ့အနေဖြင့် ဆူပူအကြမ်းဖက်မှုကိုလိုလားသည့် PDF အမည်ခံအကြမ်းဖက်သမားများကို အကြမ်းဖက်သင်တန်းများ သင်ကြားပေးခြင်းနှင့် လက်နက်ခဲယမ်းများ ထောက်ပံ့ပေးပြီး အကြောင်းအမျိုးမျိုးပြ၍ တိုက်ကွက်များဖော်လာခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းများသည် သာမန်အခြေအနေကို ထိခိုက်စေသည့် လုပ်ဆောင်မှုများဖြစ်ကြောင်း။

**Drop Bomb များဖြင့် တိုက်ခိုက်ခဲ့**

ထိုအထဲမှ MNDAA အဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်နေ့တွင် လောက်ကိုင်ဒေသကို အင်အားအလုံးအရင်းဖြင့် Drone များအသုံးပြု၍ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ တရားမဝင် လုပ်ငန်းများ၊ ၎င်းတို့၏မဟာမိတ်များမှ ထောက်ပံ့မှုများ၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများမှရရှိခဲ့သည့် ငွေကြေးများဖြင့် အသုံးပြုခဲ့ခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ ထိုသို့ MNDAA အဖွဲ့၏တိုက်ခိုက်မှုများ လုပ်ဆောင်နေမှုသည် သာမန်အခြေအနေကို ထိခိုက်စေသည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

**လွှတ်တော်ခေါ်ယူဆောင်ရွက်သွားရမည်**

မိမိတို့၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍တရားမျှတသော သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊ ဦးတည်ချက်များတွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု ပါဝင်ကြောင်း၊ မိမိတို့အနေဖြင့် တာဝန်ထမ်းဆောင်ပြီးစီးပါက ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို လွှဲပြောင်း၍ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ခေါ်ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းချိန်တွင် စနစ်တကျဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ လက်ရှိဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုနိုင်ငံရေးအရ ဦးဆောင်မှုပေးရန်ဖြစ်ကြောင်း၊ ထိုသို့ဖွဲ့စည်းဆောင်ရွက်ရာတွင်လည်း တပ်မတော်မှ တာဝန်အရှိဆုံးပုဂ္ဂိုလ်များ၊ တိုင်းရင်းသားနှင့် ဒေသများမှ ကိုယ်စားလှယ်ခေါင်းဆောင်များကို ထည့်သွင်းဖွဲ့စည်းထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်လုပ်နိုင်စွမ်း၊ ဦးဆောင်နိုင်စွမ်းရှိသူများကို ထည့်သွင်းထားခြင်းဖြစ်ကြောင်း။

**အကျိုးရှိစွာဖြင့်အသုံးချနိုင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ရာတွင် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်မှာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးမှာ များစွာကျယ်ပြန့်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းပြီး လူတိုင်းအေးချမ်းသာယာစွာဖြင့် လူမှုစီးပွားဘဝများ တိုးတက်အောင် နေထိုင်လုပ်ကိုင် ဆောင်ရွက်နိုင်ပြီး အေးချမ်းစွာ ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍လည်း အားလုံးပြေပြေပြစ်ပြစ် ရှိနေရန်လိုကြောင်း၊ သို့မှသာတိုင်းပြည်သာယာဝပြောမည်ဖြစ်ကြောင်း၊စားရေရိက္ခာဖူလုံရေးနှင့်ပတ်သက်၍လည်း နိုင်ငံတကာ၏ Food Security အရ မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့စားနပ်ရိက္ခာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် နိုင်ငံတစ်ခုဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် အကျိုးရှိစွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း။

**တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်သွားရမည်**

မိမိတို့အနေဖြင့် နိုင်ငံရေးရည်မှန်းချက်နှင့် အမျိုးသားရေးရည်မှန်းချက်များကို မဏ္ဍိုင်ပြု၍ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှာ ချမှတ်ထားသည့် မူဝါဒများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ ပထမအချက်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်ဟု ချမှတ်ထားကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ချမှတ်ထားကြောင်း၊ အဓိကအားဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်ဟု ချမှတ်ထားကြောင်း။

**ပြည့်ဝစွာ အကောင်အထည်ဖော်**

စတုတ္ထအချက်မှာ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဟု ချမှတ်ထားကြောင်း၊ ပြီးခဲ့သည့် ၁၀ နှစ်တာ ကာလအတွင်း ဖြတ်သန်းခဲ့ရသည့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍ သုံးရပ်ကိုကြည့်ပါက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ပေးအပ်ထားသော်လည်း ပီပီပြင်ပြင်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း၊ ဥပမာအားဖြင့် အခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းများတွင် လွှတ်တော်တွင်လည်း ပြင်ဆင်ရေးနှင့် ပတ်သက်၍ မှတ်တမ်းသာတင်နိုင်ခဲ့ပြီး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲမလုပ်နိုင်ခဲ့ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လက်ရှိဆောင်ရွက်နေသည့် အုပ်ချုပ်မှုပုံစံများတွင် လုပ်ပိုင်ခွင့်များကို ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရန်လိုကြောင်း။

**လုပ်ပိုင်ခွင့်များကို တည်ဆောက်ပေးရမည်**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားသောကဏ္ဍများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေပြဋ္ဌာန်း၍ လုပ်ဆောင်၍ရကြောင်း၊ သို့သော်လည်း ဥပဒေပြဋ္ဌာန်းမှုများကို ပြည့်ပြည့်စုံစုံ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ ထို့ကြောင့် မိမိတို့လုပ်ပိုင်ခွင့်အလိုက် အပြည့်အဝ လုပ်ဆောင်ခြင်းမရှိသည့်အပေါ် အားမလိုအားမရ ဖြစ်လာကြပြီး လုပ်ပိုင်ခွင့်များပေးရန် တောင်းဆိုလာကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား မိမိတို့လုပ်ပိုင်ခွင့်များအလိုက် ဒေသအကျိုးကိုဖော်ဆောင်ပေးနိုင်သမျှ ဖော်ဆောင်နိုင်ကြောင်းကို အမြဲပြောကြားခဲ့ကြောင်း၊ လုပ်ပိုင်ခွင့်များကို အသုံးချရာတွင်လည်း ဒေသနှင့်ဒေသခံများ၏ အကျိုးကိုသာ ဖော်ဆောင်ပေးရန်ဖြစ်ပြီး လူနည်းစု၏ အကျိုးစီးပွားအတွက် အသုံးချခြင်း မဖြစ်စေရန်လိုကြောင်း၊ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ယခုကဲ့သို့ အကျယ်တဝင့်ရှင်းပြနေရခြင်းမှာ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတွင် လုပ်ပိုင်ခွင့်များသည် အလွန်အခရာကျခြင်းကြောင့် ဖြစ်ပြီး မိမိတို့အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် လုပ်ပိုင်ခွင့်များကို တည်ဆောက်ပေးရမည်ဖြစ်ကြောင်း။

**အခွင့်အရေးတန်းတူရရှိရမည်**

ပဉ္စမအချက်အနေဖြင့် မဲပေးခွင့်ရှိသူများ အားလုံး၏ အခွင့်အရေးများ မဆုံးရှုံးစေရေးနှင့် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ဖြစ်မြောက်စေရေးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ဖြစ်မြောက်စေရေးအတွက် မိမိတို့အနေဖြင့် အခြေအနေဖန်တီးပေးရမည်ဖြစ်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရမည်၊ မဲစာရင်းများ မှန်ကန်မှုရှိရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေးကျင်းပနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များ အခွင့်အရေးများ မဆုံးရှုံးစေရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏မည်သည့် အရပ်ဒေသရှိမြို့ပြနှင့် ကျေးလက်တွင် နေထိုင်သည်ဖြစ်စေ နိုင်ငံသားတိုင်းသည် အခွင့်အရေးတန်းတူရရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြုလုပ်နိုင်ရေးကို အချိန်ယူ၍ ဆောင်ရွက်နေရခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ရွေးကောက်ပွဲကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်ပတ်သက်၍ မိမိအနေဖြင့် ပြောကြားခဲ့ခြင်းဖြစ်ပြီး ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့ တာဝန်ယူထားရသည့်ဒေသများသို့ ရောက်ရှိပါက နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားရန်လိုကြောင်း။

ဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဒီမိုကရေစီအစိုးရသက်တမ်း နှစ်ခုတွင် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခဲ့ပြီးဖြစ်သော်လည်း အခြားပြင်ဆင်သင့် ပြင်ဆင်ထိုက်သည့် အချက်များလည်း ရှိနေဆဲဖြစ်ကြောင်း၊ ၎င်းအချက်များနှင့် အခြားဆက်စပ်နေသည့် ဥပဒေ၊ ပုဒ်မများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် တိုင်းပြည်အတွက်အရှည်ကို မျှော်တွေး၍ ကြိုတင်စဉ်းစားနိုင်ရန်လိုပါကြောင်း၊ *စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးထားခြင်းမရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်၍ ရွေးကောက်ပွဲလမ်းကြောင်းမှတစ်ဆင့် လွှတ်တော်သို့ သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

“ ဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဒီမိုကရေစီအစိုးရသက်တမ်း နှစ်ခုတွင် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခဲ့ပြီးဖြစ်သော်လည်း အခြားပြင်ဆင်သင့်ပြင်ဆင်ထိုက်သည့် အချက်များလည်း ရှိနေဆဲဖြစ်၊ ၎င်းအချက်များနှင့် အခြားဆက်စပ်နေသည့် ဥပဒေ၊ ပုဒ်မများကိုလည်း ထည့်သွင်းစဉ်းစားရမည်၊ ကောင်စီဝင်များအနေဖြင့် တိုင်းပြည်အတွက်အရှည်ကို မျှော်တွေး၍ ကြိုတင်စဉ်းစားနိုင်ရန်လို၊ အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးထားခြင်း မရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်၍ ရွေးကောက်ပွဲလမ်းကြောင်းမှတစ်ဆင့် လွှတ်တော်သို့ သွားရမည် ”

**ဆွေးနွေးတင်ပြ**

ထို့နောက် ကောင်စီဝင်များက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးထားသည့် တိုင်းရင်းသားအခွင့်အရေးများ မှန်မှန်ကန်ကန် ရရှိခံစားနိုင်အောင် ဆောင်ရွက်ပေးရေး၊ လာမည့်ပြည်လုံးကျွတ်လူဦးရေသန်းခေါင်စာရင်း ကောက်ခံရာတွင် တိုင်းရင်းသား လူမျိုးများ၊ မျိုးနွယ်စုများ၊ အခေါ်အဝေါ်များနှင့် စာရင်းဇယားများ မှန်ကန်အောင် စနစ်တကျစိစစ်ကောက်ခံသွားရေး၊ သဘာဝမြေသြဇာကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သုံးစွဲလာအောင် ပညာပေးစည်းရုံးရေး၊ ရခိုင်ပြည်နယ်အတွင်းရှိစပါးများ အချိန်မီရိတ်သိမ်းနိုင်ရေး၊ စားသောက်ကုန်ပစ္စည်းများ ပုံမှန်စီးဆင်းရေး၊ ပဋိပက္ခဖြစ်ပွားသည့်ဒေသများမှ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရေး၊ နိုင်ငံ့ဝန်ထမ်းများအား လက်နက်ကိုင်အဖွဲ့အစည်းများက ခြိမ်းခြောက်အကျပ်ကိုင်နေမှု၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြစ်ကြောင်း။

**ပညာရေးကိုကောင်းအောင် လုပ်ဆောင်ရမည်**

တိုင်းပြည်အနာဂတ်အတွက် ပညာရေးကိုလည်း အားပေးမြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာမရှိပါက နိုင်ငံရေး၊ စီးပွားရေးလုပ်ငန်းစဉ်များ အောင်မြင်နိုင်မည်မဟုတ်ကြောင်း၊ မိမိတို့တာဝန်ယူသည့် ကာလအတွင်း နိုင်ငံ့စီးပွားရေးတိုးတက်အောင်နှင့် ပညာသင်ကြားမှု ကောင်းစွာရရှိအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း၊ အနာဂတ်ကို ကောင်းမွန်စေလိုပါက ပညာရေးကိုကောင်းအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ပညာရေး အားပေးမြှင့်တင်ရေး ကိစ္စရပ်များကို ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၉၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ထပ်မံပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၉၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေ ထပ်မံပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ညီလာခံခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း) က ဇန်နဝါရီ ၁၂ ရက်က အသက် ၈၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၄၇၈၁ ဦးအတွက် ငွေကျပ် ၂၃၉ ဒသမ ၀၅ သန်း ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ယနေ့တွင် အသက် ၉၀ နှစ်နှင့် အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အသက် ၁၀၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း ထပ်မံ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း) က တိုင်းဒေသကြီး၊ ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအား ထောက်ပံ့ငွေများ ပေးအပ်ပြီး (အပေါ်ပုံ) အခမ်းအနား တက်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ အခမ်းအနားတွင် အသက် ၉၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၄၁၈ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၀ ဒသမ ၉ သန်း၊ အသက် ၁၀၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ၁ သန်း စုစုပေါင်း ၂၁ ဒသမ ၉ သန်း ထပ်မံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြီးခဲ့သည့်နှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ရှေးဟောင်းသုတေသနပြတိုက် (ပုဂံ) သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဝင်ရောက်မှုမှတစ်ဆင့် ဝင်ငွေကျပ် ၃၈၅ သိန်းကျော်ရရှိခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ပြီးခဲ့သည့်နှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ရှေးဟောင်းသုတေသနပြတိုက် (ပုဂံ) သို့ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်မှုမှ ကျပ် ၃၈၅ သိန်းကျော် ရရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန (ပုဂံဌာနခွဲ) မှ သိရသည်။

အထက်ပါ ကာလအတွင်း ပြည်တွင်းခရီးသွား ၆၂၈၆၂ ဦး ဝင်ရောက်မှုမှ ဝင်ငွေကျပ် ၃၅၆၁၁၀၀၀၊ ပြည်ပခရီးသွား ၄၆၀ ဝင်ရောက်မှုမှ ဝင်ငွေမှာ ကျပ် ၂၉၁၅၀၀၀ ရရှိခဲ့ကာ ပြည်တွင်း၊ ပြည်ပခရီးသည် စုစုပေါင်း ၆၃၃၂၂ ဦးထံမှ ဝင်ငွေ ကျပ် ၃၈၅၂၆၀၀၀ ရရှိသည်။

“ပြည်တွင်းအနေနဲ့က မြန်မာတစ်နိုင်ငံလုံး ဝင်ရောက်ခဲ့တာမှာ ရန်ကုန်ကတော့ အများဆုံးပေါ့။ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေထဲမှာတော့ ထိုင်းက ပိုများတယ်။ ရုရှား၊ တရုတ်၊ စင်ကာပူ၊ အမေရိကန်တို့က လာကြတယ်” ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ရှေးဟောင်းသုတေသနပြတိုက်(ပုဂံ)ကို တနင်္လာနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ပုံမှန်ဖွင့်လှစ် ကြောင်းလည်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှ သိရသည်။

ရှေးဟောင်းသုတေသနပြတိုက် (ပုဂံ) သို့ ဝင်ရောက် လေ့လာရာတွင် ပြည်ပဧည့်သည်တစ်ဦးလျှင် ၁၀၀၀၀ ကျပ်နှင့် ပြည်တွင်းဧည့်သည်တစ်ဦးလျှင် ၁၀၀၀ ကျပ် ကောက်ခံနေကြောင်း သိရသည်။

ပြတိုက်သို့ ဝင်ရောက် လေ့လာသူများအနက် (၁၀) နှစ်အောက် ကလေးငယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ရဟန်းတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးတို့အား အခမဲ့ဝင်ရောက်ခွင့်ပြုပေးထားသည်။

**MT**

## ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၁**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေး ပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV Royal Venus ရေယာဉ်သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန တို့မှ ပေးပို့သည့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် စားသောက်ကုန်များ၊ စားသုံးဆီ၊ ကျန်းမာရေးသုံး ပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများနှင့် ထော်လာဂျီယာဉ်ငါးစီးအပါအဝင် စုစုပေါင်းတန်ချိန် ၂၄၅၅ ဒသမ ၆၈ တင်ဆောင်၍ ယနေ့ ညနေပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေ ၁၆ ရက်မှစ၍ ယနေ့အထိတပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၄၂ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေး ပစ္စည်း စုစုပေါင်း ၆၄၆၇၆ ဒသမ ၀၉ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရတနာပုံတက္ကသိုလ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို စာစီစာကုံး၊ ဆောင်းပါး၊ အင်္ဂလိပ်စာစွမ်းရည်၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁**

ရတနာပုံတက္ကသိုလ်၌ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ဆောင်းပါး၊ အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည် ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တွင် နံနက် ၁၀ နာရီမှစတင်၍ အဆိုပါတက္ကသိုလ်ရှိ အဆောင်-၃၁ ၌ ကျင်းပသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် ပြုလုပ်သည့် စာစီစာကုံးပြိုင်ပွဲတွင် “ပြည်ထောင်စုအမွေ ထိန်းသိမ်းကြစို့လေ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် “တို့ပြည်ထောင်စု” ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ရာ ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းသင်တန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာသင်တန်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများသည် စိတ်ပါဝင်စားစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့အတူ ဖေဖော်ဝါရီ ၂ ရက်တွင်လည်း အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်-မန်း**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၃ - ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘတ်စကက်ဘော (အမျိုးသား၊ အမျိုးသမီး) (5 on 5) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဘတ်စကက်ဘော(အမျိုးသမီး၊ အမျိုးသား) (5 on 5)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ်(အမျိုးသမီး)ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ယှဉ်ပြိုင်အနိုင်ရရှိပြီး (အမျိုးသား)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ယှဉ်ပြိုင်အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အသင်းလိုက် (5 on 5)ပြိုင်ပွဲတွင် (အမျိုးသား)အကောင်းဆုံးအားကစားသမားဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ ယောလုနှင့် (အမျိုးသမီး) အကောင်းဆုံးအားကစားသမားဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မြနှင်းမှုံတို့ကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဂုဏ်ပြုချီးမြှင့်ငွေ တစ်သိန်းကျပ်စီကိုလည်းကောင်း၊ (အမျိုးသမီး)အသင်းလိုက် (3 on 3) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ (အမျိုးသား)အသင်းလိုက်(3 on 3) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ (အမျိုးသမီး) အသင်းလိုက် (5 on 5)ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ (အမျိုးသား)အသင်းလိုက် (5 on 5) ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ဦးကိုကိုလှိုင်တို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် (အမျိုးသမီး) အသင်းလိုက်(5 on 5) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းနှင့် (အမျိုးသား)အသင်းလိုက် (5 on 5) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းတို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ (အမျိုးသမီး) အသင်းလိုက်(5 on 5) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် (အမျိုးသား) အသင်းလိုက် (5 on 5) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်နှင့် ဒေါက်တာဘရှေတို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ (အမျိုးသမီး) အသင်းလိုက်(3 on 3) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် (အမျိုးသား) အသင်းလိုက်(3 on 3) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် မန်းငြိမ်းမောင်တို့က တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ (အမျိုးသမီး) အသင်းလိုက်(5 on 5) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် (အမျိုးသား)အသင်းလိုက် (5 on 5) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့် ဒေါ်ဒွဲဘူတို့က တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ဘတ်စကက်ဘောအားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရေး၊ ဘတ်စကက်ဘောမျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရေးနှင့် ဘတ်စကက်ဘော အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့ကို ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ ကျင်းပပြုလုပ်ခဲ့ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၂ သင်းနှင့် အမျိုးသမီးအသင်း ၁၁ သင်းတို့မှ အားကစားသမားစုစုပေါင်း ၃၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# စက်ရုံလုပ်ငန်းခွင်သုံး လက်တွေ့အသုံးချ အလုပ်သမားဥပဒေသင်တန်းမှ ၂၀၂၂ ခုနှစ် ဩဂုတ်မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း သင်တန်းသား စုစုပေါင်း ၈၂၉ ဦးကို သင်တန်းပို့ချပေးနိုင်ခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) က ပို့ချသော စက်ရုံလုပ်ငန်းခွင်သုံး လက်တွေ့အသုံးချ အလုပ်သမားဥပဒေသင်တန်းကို ၂၀၂၂ ခုနှစ် ဩဂုတ်လမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ ၂၈ ကြိမ်ပေးခဲ့ရာ စက်ရုံပေါင်း ၄၆၄ ရုံမှ စီမံခန့်ခွဲမှုရေးရာ တာဝန်ရှိသူနှင့် ကုန်ထုတ်လုပ်မှုဌာန ကြီးကြပ်သူဦးရေ စုစုပေါင်း ၈၂၉ ဦးကို သင်တန်းပေးနိုင်ခဲ့ကြောင်း အဆိုပါအသင်းမှ သိရသည်။

အထည်ချုပ်လုပ်ငန်း ကဏ္ဍအတွင်း အလုပ်သမားဥပဒေ အသိမြှင့်တင်ရန်နှင့် လုပ်ငန်းခွင်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း (MGMA) က စက်ရုံလုပ်ငန်းခွင်သုံး လက်တွေ့အသုံးချ အလုပ်သမား ဥပဒေသင်တန်း” များကို ပို့ချပေးနေခြင်း ဖြစ်ကြောင်း သိရသည်။

“အလုပ်သမား ဥပဒေနှင့် လုပ်ငန်းခွင်ဆက်ဆံရေး အသိပညာပေး သင်တန်းများတွေကို MGMA အသင်းကြီးက အထည်ချုပ်လုပ်ငန်းကဏ္ဍအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်” ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါသင်တန်းကို သင်တန်းတစ်ကြိမ်လျှင် အသင်းဝင်စက်ရုံတစ်ရုံစီမှ HR Manager နှင့် All Supervisor နှစ်ဦးစီပါဝင်သော စက်ရုံပေါင်း ၁၅ ရုံမှ သင်တန်းသား သင်တန်းသူ ၃၀ ကို ခေါ်ယူပြီး ပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



သင်တန်းကို တစ်လလျှင် နှစ်ကြိမ်နှုန်းဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ ၂၈ ကြိမ်ပေးနိုင်ခဲ့ခြင်းဖြစ်ကာ သင်တန်းတွင် စက်ရုံလုပ်ငန်းခွင်သုံး လက်တွေ့အသုံးချ အလုပ်သမားဥပဒေ၊ လုပ်ငန်းခွင်ဆက်ဆံရေးနှင့် ကုန်ထုတ်လုပ်မှုဌာန ကြီးကြပ်သူများ၏ အရေးပါမှုတို့ကို သင်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**MT**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ



# မလှိုင်မြို့၌ မြို့နယ်အဆင့် ကျောင်းကျန်းမာရေး လုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်းအခမ်းအနားကျင်းပ

**မလှိုင် ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ခြင်းဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်က ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်လတ်က စာသင်ကျောင်းများအနေဖြင့် အမှိုက်ပုံးစနစ်သည် အရေးကြီးကြောင်း ပြောကြားကာ မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော်ဦး၊ မလှိုင် အ.ထ.က ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီတို့က လိုအပ်သည် များကို ဖြည့်စွက်အကြံပြုဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဌာနမှ သူနာပြုဆရာ ဆရာမများ စုစုပေါင်း ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

# အခြေခံပညာကျောင်းစာမေးပွဲများနှင့် တက္ကသိုလ်ဝင်စာမေးပွဲများကျင်းပရန် နီးလာပြီဖြစ်၍ စာမေးပွဲကျင်းပစဉ်ကာလများတွင် ညီညီညွတ်ညွတ်ပူးပေါင်း၍ အောင်မြင်အောင်ဆောင်ရွက်ပေးကြရမည်



**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ရှိ အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ကျောင်းအလိုက် စာကြည့်တိုက်များရှိစာအုပ်စာတမ်းများ၊ သုတေသနသုံးစက်ပစ္စည်းများကို ကျောင်းသားကျောင်းသူများ အလွယ်တကူ အသုံးပြုနိုင်ရေးနှင့် အသုံးပြုမှတ်တမ်းများထားရှိရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တက္ကသိုလ်များ၊ ကျောင်းများ၏ ဥပမိရုပ်ကောင်းမွန်ရေး၊ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသပ်ရပ်သာယာမှုရှိရေးနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ အခြေခံပညာကျောင်းစာမေးပွဲများနှင့် တက္ကသိုလ်ဝင်စာမေးပွဲများကျင်းပရန် နီးလာပြီဖြစ်၍ စာမေးပွဲကျင်းပစဉ်ကာလများတွင် အခြေခံပညာမှ ဆရာ ဆရာမများနှင့် အဆင့်မြင့်ပညာမှ ဆရာ ဆရာမများအားလုံး ညီညီညွတ်ညွတ်ပူးပေါင်း၍ အောင်မြင်အောင်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ဒေသအသီးသီးမှ စာဖြေကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များဖြည့်ဆည်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းသားကျောင်းသူများ ပညာသင်ယူမှု အခွင့်အလမ်းရရှိအောင်၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားလုံးက ညီညွတ်စွာ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ စဉ်းစားတွေးခေါ်မှု အားကောင်းလာစေရန် ပရောဂျက်အခြေပြုသင်ယူလေ့လာမှု (Project-based Learning) စနစ်ကို အလေးထားဆောင်ရွက်ရန် မှာကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်နှင့် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်အတွင်း သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဒေသအတွင်းဆီဖူလုံရေးနှင့် ကုန်ထုတ်လုပ်ငန်းများတိုးမြှင့်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန် သာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်သည် တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား - တောင်ညိုလမ်းဘေးရှိ မင်္ဂလာကန် အမှတ်(၃)အတွင်း နုန်းသဲများပို့ချမှုကြောင့် တိမ်ကောလာသည့်အတွက် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ Amphibious၊ Excavatorနှင့် မြေသယ်ယာဉ်များအသုံးပြုပြီး နုန်းတူးဖော်ဆယ်ယူ စွန့်ပစ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အများပြည်သူများ အပန်းဖြေနားနေနိုင်ရန် ကန်ပတ်လည် သာယာလှပရေးနှင့် ရေပြင် ကြည်လင်သန့်ရှင်းရေးကို အမြဲမပြတ်ဆောင်ရွက်ရန်၊ သတ်မှတ်ရေ အနက်ရရှိအောင် ဆောင်ရွက်ရန်နှင့် ကန်အတွင်းမှ ဆယ်ယူစွန့်ပစ်သည့်နုန်းမြေများကို မြို့သာယာလှပရေးအတွက် စိုက်ပျိုးထားရှိသည့် သစ်ပင်ပန်းမန်များတွင် မြေဩဇာအဖြစ် စနစ်တကျ ပြန်လည်အသုံးပြုနိုင်ရေးဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် နေပြည်တော်အတွင်း သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဒေသအတွင်းဆီ ဖူလုံရေးနှင့် ကုန်ထုတ်လုပ်ငန်းများတိုးမြှင့်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧက ပန်းတိုင်အထွက်နှုန်း တိုးတက်ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို လိုက်နာကျင့်သုံးစေရေးအတွက် သက်ဆိုင်ရာဌာနများက ဆောင်ရွက်ကြရန် ပြောကြားသည်။ **(အပေါ်ယာပုံ)**



ထို့နောက် တက်ရောက်လာကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်အတွင်း သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဒေသအတွင်းဆီဖူလုံရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လက်ရှိ ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား၌ ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များ တည်းခိုနေထိုင်မည့် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းသို့ သွားရောက်၍ ဆေးပေးခန်း၊ စာကြည့်တိုက်နှင့် ဆပ်ကော်မတီရုံးခန်း၊ တည်းခိုဆောင်များနှင့် စားရိပ်သာဆောင်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံတက္ကသိုလ်၌ ပြည်ထောင်စုနေ့အကြိုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ




**ဘားအံ ဖေဖော်ဝါရီ ၁**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက်က အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် ဥပဒေချုပ် ဦးရဲလွင်၊ ဘားအံတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူးများ)၊ ပါမောက္ခများ၊ ဆရာ ဆရာမများ ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် "ချစ်ခြင်းတရားနှင့် ပြည်ထောင်စု" ခေါင်းစဉ်ဖြင့် မေဂျာအသီးသီးမှ ကျောင်းသားကျောင်းသူ ၄၂ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ကဗျာပြိုင်ပွဲတွင် "ပြည်ထောင်စုစိတ်ဓာတ်" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၀ စုစုပေါင်း ၆၂ ဦး ပါဝင်ယှဉ်ပြိုင်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် ရောဝတီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း တပ်ကုန်းမြို့နယ် စီမံကိန်းဦးစီးရုံးနှင့် ဇေယျာသီရိမြို့နယ် စီမံကိန်းဦးစီးရုံးများသို့ သွားရောက်စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ်စီမံကိန်းဦးစီး ရုံးနှင့် ဇေယျာသီရိမြို့နယ် စီမံကိန်းဦးစီးရုံးများသို့ သွားရောက်စစ်ဆေးသည်။ **(ယာပုံ)**

ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့နယ်စီမံကိန်းဦးစီးရုံးနှင့် ဇေယျာသီရိ မြို့နယ် စီမံကိန်းဦးစီးရုံးများသို့ သွားရောက်၍ အဆိုပါစီမံကိန်းဦးစီးရုံးများ၌ တာဝန်ထမ်းဆောင်နေ သည့် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းအကောင်အထည်ဖော် ရာ၌ သက်ဆိုင်ရာမြို့နယ်အလိုက် မိမိတို့နှင့် သက်ဆိုင်သည့် စီမံကိန်းလုပ်ငန်းများကို စနစ်တကျ သုံးသပ်ဆောင်ရွက်သွားရန်၊ စာရင်းဇယားများ ပြည့်စုံမှန်ကန်ရေးကို အလေးပေးဆောင်ရွက်ရန်၊ လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များ၏စီမံကိန်း များ ရေးဆွဲဆောင်ရွက်ရာတွင် နိုင်ငံတော်မှ အဓိက ဆောင်ရွက်နေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို စီမံကိန်းလျာထားချက်များတွင် စနစ်တကျထည့်သွင်းနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်သွား ရန်၊ နိုင်ငံ့ဘဏ္ဍာငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းနှင့် စီမံကိန်းများအတွက် စနစ်တကျ စိစစ်ဆောင်ရွက်သွားရန်နှင့် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများကို သိရှိလိုက်နာဆောင်ရွက် ကြရန်တို့ကို မှာကြားပြီး ဝန်ထမ်းများ၏ လိုအပ်ချက် များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



**သတင်းစဉ်**

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ စတုတ္ထအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒုတိယဝန်ကြီး ဦးမင်းသူတို့က ဆွေးနွေးဆောင်ရွက်သွားမည့် အမျိုးသားမြေဥပဒေ မူကြမ်းပါ အချက်များနှင့်စပ်လျဉ်း၍ရှင်းလင်း ပြောကြားကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အမျိုးသား မြေဥပဒေ ရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက အမျိုးသားမြေဥပဒေရေး ဆွဲပြုစုရေးလုပ်ငန်းနှင့် ပတ်သက်၍ အမျိုးသားမြေအသုံးချမှုကောင်စီ၏ ပဉ္စမအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် အစည်းအဝေးတွင် ဆွေးနွေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို တင်ပြသည်။

ထို့နောက် ဥပဒေရေးဆွဲရေး အဖွဲ့ငယ်အဖွဲ့ခေါင်းဆောင်များက ဥပဒေမူကြမ်း၏ တစ်ခန်းချင်း အလိုက် ရေးသားပြုစုထားမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ အစည်းအဝေး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်အကြံပြု ဆွေးနွေးကြသည်။

ရေးဆွဲ ပြုစုလျက်ရှိသည့် အမျိုးသားမြေဥပဒေတွင် လက်ရှိ ကျင့်သုံးလျက်ရှိသော ဥပဒေများ၌ မြေနှင့်စပ်လျဉ်း၍ အဓိပ္ပာယ် ဖော်ပြချက်များနှင့် ဥပဒေချင်း ဝိရောဓိဖြစ်နေသော အချက်များ ရှိပါက ဖြေရှင်းပေးနိုင်မည့် အချက်များ ထည့်သွင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအကြိမ် အစည်းအဝေးတွင် မြေဥပဒေ ရေးဆွဲပြုစုရေး လုပ်ငန်းစီမံချက်နှင့် လုပ်ငန်းအချိန်ကာလ သတ်မှတ်မှုတို့ကို အကြမ်းစတင် ဆွေးနွေးခဲ့ကြပြီး လှည့်လည်စာတွဲနှင့် ထပ်မံအကြံပြုခဲ့မှုများအပေါ် အချောသတ်ပြုစု၍ လုပ်ငန်းကော်မတီသို့ တင်ပြပေးနိုင်ခဲ့ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အပြီးသပ် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်ကြီး ရှစ်ခုကို မြန်မာနိုင်ငံ၌ တည်ထောင်ထိန်းသိမ်းထား

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ကမ္ဘာကြီးပူနွေးလာမှုနှင့် ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုတို့ကို ထိန်းချုပ်ကာကွယ်တားဆီးပေးနိုင်သည့်သစ်တောများနှင့်သဘာဝဥယျာဉ်ကြီးများကို ကမ္ဘာ့နိုင်ငံများ၌ ပြုစုပျိုးထောင် ထိန်းသိမ်းစောင့်ရှောက်ကြလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း အာဆီယံအမွေအနှစ် အမျိုးသား ဥယျာဉ်ကြီးရှစ်ခုကို တည်ထောင် ထိန်းသိမ်းထားကြောင်း သိရသည်။

အမျိုးသားဥယျာဉ်ကြီးများကို ထိန်းသိမ်းခြင်းသည် ဇီဝအဝန်းနယ်မြေကို တည်ထောင်နိုင်ခြင်းဖြစ်ပြီး လူနှင့်သဘာဝ သဟဇာတဖြစ်တည်မှုကို ပေါင်းစည်းပေးခြင်းဖြစ်၍သာယာလှပသောကမ္ဘာကြီး တည်တံ့ဖွံ့ဖြိုးမှု အကျိုးကျေးဇူးကို ခံစားရရှိစေနိုင်မည်ဖြစ်သည်။ ဇီဝရပ်ဝန်း ထူထောင်ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့မှုကို ဖြစ်ထွန်းစေလျက်ရှိပြီး ဇီဝမျိုးစုံမျိုးကွဲများရှင်သန်ရာ အမျိုးသားဥယျာဉ်ကြီးများ တည်တံ့ခိုင်မြဲမှုသည် လူသားတို့အတွက် စီးပွားရေး၊ လူမှုရေးနှင့် ဂေဟဗေဒစနစ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်နွှယ်လျက်ရှိရာ ကမ္ဘာ့လူသန်း ၂၅၀ ကျော်၏ ဘဝများနှင့်လည်း သက်ဆိုင်လျက်ရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်များဖြစ်သည့် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ နတ်မတောင် အမျိုးသားဥယျာဉ်၊ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်နှင့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး အမျိုးသားရေးစိတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဖြင့် အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးမှုအကျိုးရလဒ်မှ ကမ္ဘာ့ရာသီဥတုထိန်းညှိမှုကို အထောက်အပံ့ဖြစ်စေလျက်ရှိရာ နိုင်ငံအတွက် ဂုဏ်တင့်လျက်ရှိသည်။

"နိုင်ငံမှာရှိတဲ့ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းဟာ အရေးကြီးလာတယ်လို့ ပြောရမှာပါ။ ထုတ်ယူသုံးစွဲမှုချည်းပဲ လုပ်လို့မရပါဘူး၊ ထိန်းသိမ်းမှုလည်း လုပ်ရမှာပါ။ နိုင်ငံအတွင်းမှာရှိတဲ့ ဇီဝမျိုးစုံမျိုးကွဲနယ်မြေတွေ၊ သဘာဝသယံဇာတတွေ၊ မီခိုတောတွေအားလုံးမှာ ထုတ်ယူသုံးစွဲမှုအပြင် ထိန်းသိမ်းရမယ်၊ ပြီးတော့ ရေရှည်ထုတ်ယူသုံးစွဲနိုင်တဲ့စနစ်ကို သွားရမှာပါ။ အဲဒီအပိုင်းမှာ စီမံအုပ်ချုပ်မှု အပိုင်းဟာလည်း အရေးကြီးပါတယ်။ ကျွန်တော်တို့ ရည်မှန်းချက်က တစ်နိုင်ငံလုံးဧရိယာရဲ့ ငါးရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းအထိ သဘာဝနယ်မြေတိုးချဲ့တဲ့စနစ်ကို လုပ်ဆောင်သွားဖို့ ရှိပါတယ်။ ရေတို၊ ရေရှည်စနစ်နဲ့ သဘာဝထိန်းသိမ်းရေး နယ်မြေတွေကို တည်ထောင်လုပ်ဆောင်မှုဟာ သားစဉ်မြေးဆက်အထိ လက်ဆင့်ကမ်းသွားနိုင်ဖို့အတွက်ပါ။ မြန်မာနိုင်ငံမှာရှိတဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ အားလုံးဟာ အရေးကြီးပါတယ်။ သဘာဝထိန်းသိမ်းရေး နယ်မြေအမျိုးအစားမတူညီပေမယ့် သူ့အပေါ် စီမံအုပ်ချုပ်မှုနဲ့ တန်ဖိုးဟာ အတူတူပါပဲ။ ဒါကြောင့် သဘာဝနယ်မြေဖြစ်တဲ့ အမျိုးသားဥယျာဉ်တွေ ရေရှည်တည်တံ့ဖို့ အတွက် အားလုံးဟာ အရေးကြီးတယ်လို့ ပြောရတာပါ။ နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်တဲ့ အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်ကြီးရှစ်ခုကို ထိန်းသိမ်းနိုင်ဖို့ သက်ဆိုင်ရာဌာနတွေ၊ နိုင်ငံတကာအသင်းအဖွဲ့တွေ၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ဝိုင်းဝန်းလက်တွဲဆောင်ရွက်နေပါတယ်။ အာဆီယံမှာဆိုရင် မြန်မာနိုင်ငံဟာ သဘာဝထိန်းသိမ်းရေး နယ်မြေတွေကို ထိန်းသိမ်းမှုအဆင့်ဟာ ထိပ်ပိုင်းမှာ ရှိနေပါတယ်"ဟု နတ်မတောင် အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောသည်။

မြန်မာနိုင်ငံ၌ သဘာဝထိန်းသိမ်းရေးနယ်မြေ အမျိုးအစားများဖြစ်သည့် သိပ္ပံကြိုးဝိုင်း၊ အမျိုးသားဥယျာဉ်၊ အဏ္ဏဝါအမျိုးသားဥယျာဉ်၊ သဘာဝကြိုးဝိုင်း၊ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ ဘူမိရုပ်သွင် ထူးခြားသည့်နယ်မြေ၊ ဒေသအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေတို့ဖြင့် အမျိုးအစားများ ခွဲခြားထားပြီး သဘာဝနယ်မြေ အမျိုးအစားများအလိုက် အကျိုးပြုလျက်ရှိသည်။ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းလုပ်ငန်းတွင် မြန်မာနိုင်ငံအနေဖြင့် ထိပ်ပိုင်း၌ ရပ်တည်လျက်ရှိရာ ယနေ့အထိ သဘာဝထိန်းသိမ်းရေး နယ်မြေ ၅၉ ခုအထိ တိုးချဲ့တည်ထောင်ထား၍ နိုင်ငံ့ဧရိယာ၏ ဖြ ဒသမ ၄၂ ရာခိုင်နှုန်းအထိ သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်တည်ထောင် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။ **ညီမ်းသူ(သတင်းစဉ်)**



**ဓာတ်ပုံ-ကနူး**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁** - နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ဆင့်ချေးငွေစီမံကိန်း ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း၊ စီမံကိန်းဦးဆောင်ကော်မတီ၏ (၂၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီမံကိန်းဦးဆောင်ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အတိုးနှုန်းသက်သာစွာဖြင့် တောင်သူတစ်ဦးချင်းကို ကျပ်သိန်း ၇၀၀ အထိ ချေးငွေများကို နှစ်တိုသုံးနှစ်၊ နှစ်ရှည်ငါးနှစ် အရစ်ကျ ပြန်ဆပ်စနစ်ဖြင့် ထုတ်ချေးပေးလျက်ရှိရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကုန်ထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့မှ မြို့နယ် ၁၈၇ မြို့နယ်ရှိ တောင်သူ ၅၇၀၃ ဦးသို့ ချေးငွေကျပ် ၂၃၈၄၂၅ ဒသမ ၁၇၈ သန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် ခုနစ်ခုရှိ မြို့နယ် ၁၇ မြို့နယ်မှ တောင်သူ ၄၆ ဦးသို့ ချေးငွေကျပ် ၃၁၁၆ ဒသမ ၆၅ သန်းထုတ်ချေးခဲ့ပါကြောင်း၊ ချေးငွေရယူလိုသည့် တောင်သူများသို့ ချေးငွေသစ်များ စဉ်ဆက်မပြတ် ထုတ်ချေးနိုင်ရန် ဆက်လက်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)နှင့် ဘဏ်ခွဲအဆင့်ဆင့်အနေဖြင့် ထုတ်ချေးထားသောချေးငွေများနှင့်စပ်လျဉ်း၍ Evaluation & Monitoring ကို စဉ်ဆက်မပြတ်ပြုလုပ်ပြီး စီမံကိန်းအောင်မြင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ချေးငွေအစီအစဉ်တွင် လယ်ယာသုံးစက်ကိရိယာများ ပါဝင်ရောင်းချသည့် ကုမ္ပဏီများအနေဖြင့်လည်းလိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် တာဝန်ရှိသူများက Two Step Loan ချေးငွေထုတ်ချေးထားမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြဆွေးနွေးကြရာ ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြု သုံးသပ်ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၁ (MICC–1) ၌ ယခင်နှစ်များနှင့်မတူ ခမ်းနားထည်ဝါစွာ ကျင်းပသွားနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ အခမ်းအနားကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)ကျောက်စိမ်းခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် Forever Group တို့ ပူးပေါင်း၍ အကယ်ဒမီဆုပေးပွဲ စင်မြင့်အား Curve LED များအသုံးပြု၍လည်းကောင်း၊ အကယ်ဒမီရွှေစင်ရုပ်တုများကို ခမ်းနားထည်ဝါစွာ ဖော်ကျူး၍လည်းကောင်း၊ နိုင်ငံတကာအဆင့်မီ မီးအလင်းအမှောင်စနစ်များ၊ အသံစနစ်များဖြင့်လည်းကောင်း၊ ခမ်းနားထည်ဝါစွာပြင်ဆင်ဆောင်ရွက်ထားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံးမှ စီစဉ်ဆောင်ရွက်သည့် The Drive Band နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ နိုင်ငံကျော် အနုပညာရှင်များ၊ အကယ်ဒမီရွှေကြိုများ၏ ကဏ္ဍအလိုက် တင်ဆက်မည့် အစီအစဉ်များကို ကြိုတင်ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကယ်ဒမီဆုပေးပွဲသို့ တက်ရောက်လာကြမည့် နိုင်ငံကျော် အနုပညာရှင်များအား ကြိုဆို၍ မီဒီယာအသီးသီးမှ အင်တာဗျူးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ အလှဓာတ်ပုံရိုက်ကူးခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ဂုဏ်ပြုခံလျှောက်လမ်း(Red Carpet) နှင့် Photo Booth နေရာများ၊ ရုပ်မြင်သံကြားလိုင်းများ၏ အင်တာဗျူး Booth များကိုလည်း အစီအစဉ်တကျ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။



အခမ်းအနားတွင် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်မှုအပြင် အကောင်းဆုံးဝတ်စားဆင်ယင်မှု (Fashion Award) များကိုလည်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး နိုင်ငံကျော်အနုပညာရှင်များ အခမ်းအနားတက်ရောက်လာမှုများကို နိုင်ငံတကာဆုပေးပွဲများနည်းတူ Rail Camera နှင့် Crane Camera များ အပါအဝင် ကင်မရာ ၁၁ လုံးကို အသုံးပြု၍ အကယ်ဒမီရင်ခုန်သံ အင်တာဗျူးများနှင့် အကောင်းဆုံး ဝတ်စားဆင်ယင်မှု (Fashion Award) ဆုအတွက် ပြင်ဆင်လာမှုများကို ရိုက်ကူးပြသသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် ဂုဏ်ပြုခံလျှောက်လမ်း (Red Carpet)တစ်လျှောက်တွင် ရုပ်ရှင်တစ်သက်တာဆုရရှိသူများ၏ မှတ်တမ်းဓာတ်ပုံများ၊ ၁၉၅၂-၂၀၂၂ အထိ ရုပ်ရှင်ဇာတ်ကားဆုများ၏ မှတ်တမ်းဓာတ်ပုံများ၊ ၁၉၅၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ်အလိုက် ရုပ်ရှင်ထူးချွန်ဆုရ ဇာတ်ကားနှင့် ထူးချွန်ဆုရ အနုပညာရှင် အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အများဆုံးရရှိသူများ၏ မှတ်တမ်းဓာတ်ပုံများ၊ ၂၀၂၃ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ဇာတ်ကားများစာရင်း စသည့်တို့ဖြင့် ပြင်ဆင်ဆောင်ရွက်ထားရှိပြီး အနုပညာရှင်များ၏ ပွဲတက်လာမှုများကို မီးအလင်းအမှောင်များပေး၍ ရိုက်ကူးပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိသည်။

အခမ်းအနားကျင်းပသည့် ကျောက်စိမ်းခန်းမအတွင်းတွင် Curve LED ၏ ခမ်းနားထည်ဝါမှုနှင့်အတူ အကယ်ဒမီဆုရ အကောင်းဆုံးပြကွက်များကို ပြည့်ဝစွာ ခံစားနားဆင်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ယင်းသို့ တင်ဆက်ပြသမှုများကို နိုင်ငံတစ်ဝန်းရှိ ပြည်သူများ ကြည့်ရှုခံစားနိုင်စေရန်အတွက် AR Camera၊ Crane Camera နှင့် PTZ Camera များအပါအဝင် ကင်မရာ ၁၁ လုံး အသုံးပြု၍ ရိုက်ကူးထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

ယခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ ဆန်ခါတင် စာရင်းဝင် ရုပ်ရှင်ဇာတ်ကား ၁၂ ကား ရွေးချယ်ထားရှိပြီး အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု အပါအဝင် အနုပညာထူးချွန်ဆုနှင့် အတတ်ပညာထူးချွန်ဆု ၁၁ ဆုတို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# တောင်ဇလပ်တို့ မွှေးပျံ့ချိန်

ဒေါက်တာခင်မောင်လွင်

**မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်တဲ့ ပြည်ထောင်စုနေ့ ဂုဏ်ပြုတေးအစီအစဉ်ထဲက "တောင်ဇလပ်တေးကဗျာ" အစီအစဉ်ကို ကြည့်ရှုနားဆင်မိတော့ ချင်းလူငယ်အဆိုတော်တွေနဲ့အတူ ချင်းပြည်နယ်ရဲ့အလှ တောင်ဇလပ်ပန်းတို့ရဲ့ မွှေးရနံ့ကို မျှဝေခံစားမိခဲ့ရပါတယ်။ ချင်းတောင်ကို ခွဲခွာသွားကြတဲ့ ချစ်သူတွေရဲ့ ပြန်အလာမှာ တောင်ဇလပ်ပန်းတွေလည်း မွှေးပျံ့လာမယ်ဆိုတဲ့ ယုံကြည်ချက်တွေ ပြည့်လို့ပါပဲ။ ကိုယ်တိုင်အကြိမ်ကြိမ် ရောက်ခဲ့ရတဲ့ ကျွန်တော့်အတွက်လည်း မျှဝေခံစားမိရတာပါပဲ။**

ဂီတရဲ့ရသဟာ သံစဉ်သွင်းထားတဲ့ ပုံပြင်လိုပါပဲ။ အသည်းစွဲမှတ်မိခံစားနိုင်မယ့် အချိန်ကလေးတွေနဲ့ တိုက်ဆိုင်ရင် နှလုံးခိုက်တယ်။ ဟုတ်ထိတယ်ပေါ့။ ဒါဟာလည်း လူထုဆက်သွယ်ရေးလုပ်ငန်းတွေမှာ အခြေခံတဲ့ စိတ်ပညာဆိုင်ရာသီအိုရီတစ်ခုပါ။ ကျွန်တော်ဆိုရင် ချင်းတောင်ကို ပထမဦးဆုံး ရောက်ခဲ့ချိန်က အဖြစ်အပျက်တွေထဲမှာ မမေ့စရာ သီချင်းကလေးကို ချင်းလူငယ်တွေ ပြန်ဆိုကြတော့ ပြန်လည်သတိရစရာ ဖြစ်ရတယ်။

**ချင်းတောင်ရဲ့အလှ**

ချင်းတောင်ရဲ့အလှဟာ ကြမ်းတမ်းတဲ့ဘဝနဲ့ ဒွန်တွဲနေပါတယ်။ စားဝတ်နေရေး ခက်ခဲပင်ပန်းလှပြီး လမ်းပန်းဆက်သွယ်ရေး အဆင်မပြေရုံမက သဘာဝဘေးအန္တရာယ်တွေလည်း များပြားလှပါတယ်။ ချင်းတောင်တန်းကြီးတွေ လှပမြင့်မားသလောက် အခြေခံတည်ဆောက်ထားတဲ့ ကျောက်သားတွေက အနည်ကျကျောက်(Slates) တွေဖြစ်တဲ့အတွက် အထပ်လိုက်လျှောကျပြီး တောင်ပြိုလေ့ရှိပါတယ်။ တောင်ပြိုရင်လည်း လမ်းပိတ်တာပဲ။ ဒါကြောင့်လည်း ခရီးသွားယာဉ်တွေပေါ်မှာ ပေါက်တူးတွေ၊ ဂေါ်ပြားတွေ မဖြစ်မနေ ပါကြရပါတယ်။

ကလေးလေဆိပ်ကထွက်ပြီး ချင်းတောင်ပေါ် တက်ချိန်မှာပဲ ကျွန်တော်တို့ကား မြေပြိုလမ်းပိတ်တာနဲ့တိုးတော့တယ်။ ရှေ့ခပ်လှမ်းလှမ်းမှာ လမ်းပိတ်နေတာကို ကြိုးစားရှင်းလင်းနေတဲ့ လမ်းလုပ်သားတွေကို ငေးကြည့်နေရင်း နောက်က ဂီတသံနဲ့ သီချင်းသံကို ကြားလိုက်ရတယ်။ ကျွန်တော်တို့ကို လိုက်ပို့ပေးတဲ့ ယာဉ်မောင်းလူငယ်လေးက ကားထဲမှာပါလာတဲ့ သူ့ဂီတာကို ထုတ်ပြီး သီချင်းဆိုလိုက်တယ်။

စွဲသွားအောင် မှတ်မိလိုက်တဲ့ တေးသွားကလေးကတော့–

**"သူငယ်ချင်း လိုက်ခဲ့စမ်းပါ၊ တစ်ခါတစ်ခေါက်**
**လိုက်ခဲ့စမ်းပါ xx**
**တို့များရဲ့ချင်းဓလေ့ထုံးစံ မြင်စေချင်စမ်းတယ် xx**
**တောင်ပေါ်ခေါင်ရည်ချိုမြမြ၊ တစ်ကျိုက်လောက်သောက်ရင် အမောပြေ**
**ဒါဟာလည်း ချင်းပြည်ရဲ့ ဓလေ့တစ်ခုပါ xxx"**

စာပိုဒ်ကလေးဟာ ချင်းတောင်ခရီးသွားအတွက် တစ်သက်မမေ့စရာပါ။

"ပုံဘမ်းရွာ" ကို ရောက်ပြီး နောက်နေ့နံနက်မှာ တောင်ပေါ်ကို ရေခပ်သယ်လာတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရတယ်။ သားဖွားဆရာမလေးပါ။ သူ ကလေးမွေးထားတာ ခုနစ်ရက်ပဲရှိပါသေးတယ်။ သွေးနုနု၊ သားနုနုနဲ့ ထင်းခွေရေခပ် ဆင်းနေရပါပေါ့လား။ သားဖွားဆရာမလေးကတော့ မပင်မပန်းထမ်းနေတဲ့ အိမ်ထောင့်တာဝန်နဲ့ နိုင်ငံ့တာဝန်အတွက် စိတ်ပျက်ညည်းညူတာ လုံးဝမတွေ့ရဘူး။ ဒါအိမ်ထောင့်တာဝန် ချင်းဓလေ့၊ ဝန်ထမ်းဓလေ့။

**ဝေးလံတဲ့ဒေသမှာ တာဝန်ကို ဝန်ဆောင်နေတဲ့သူတွေကို အထူးလေးစားမိ**

ဝေးလံခေါင်းပါးတဲ့ဒေသမှာ ဓလေ့နဲ့ တာဝန်ကို တွဲဖက်ပြီး ဝန်ဆောင်နေရတဲ့သူတွေကို အထူးပဲ လေးစားမိပါတယ်။ သူတို့ကလေးတွေဟာ ဘဝမှာ အနီးကပ်ရှိနေတဲ့ အလှတရားကို ခံစားမိနိုင်မှ ရပါလေစ။

ဖောင်ကြီးမှာ ကျွန်တော်သင်တန်းတက်ခဲ့ချိန်က နံနက်စောစော လေ့ကျင့်ခန်းလုပ်ရတဲ့ ကွင်းဘေးမှာရှိနေတဲ့ ထင်းရှူးပင် (ပင်လယ်ကဗွီးပင်ပါ) ကို လေတိုးနေတဲ့အသံကို နားထောင်ပြီး အရသာခံနေမိခဲ့တယ်။ အဲဒီအချိန်မှာ ချင်းတောင်မှာ တာဝန်ကျနေတဲ့ သွားဆရာဝန်လေးက ထင်းရှူးရွက်တွေကို လေတိုးသံတွေသာ နာခံနေရလို့တော့ ချင်းတောင်မှာ ရူးသွားနိုင်တယ်လို့ မှတ်ချက်ပေးတယ်။ နက်နက်တွေးကြည့်ရင် ပညာတတ်လူငယ်လေးတွေအတွက် ချင်းတောင်မှာ ဘဝရည်မှန်းချက်တွေ ရှာဖွေရခက်လှတာကိုလည်း သဘောပေါက်မိစရာပါပဲ။

ပျော်စရာတွေမရှိဘူးလားလို့ မေးရင်တော့ ရှိပါတယ်။ ဒါပေမယ့် "ပျော်ရာမှာမနေရ၊ တော်ရာမှာနေရ" ဆိုတဲ့ဘဝတွေအတွက် အိပ်မက်ကို အကောင်အထည်ဖော်ဖို့ စွန့်စား၊ စွန့်ခွာကြရတာလည်း ဘဝပဲ ဖြစ်နေတယ်။

**အိုပြီးသေတဲ့အထိ ချင်းတောင်ပေါ်မှာ နေကြရသူတွေ**


"ချင်းတွေမနေရင် ချင်းတောင်တန်းကြီးဟာ ဘယ်အဓိပ္ပာယ်ရှိတော့မလဲ" လို့ ကျွန်တော့်မိတ်ဆွေ ချင်းလူငယ်တွေကို ပြောပြမိပါသေးတယ်။ ချင်းတောင်တန်းကြီး အဓိပ္ပာယ်ရှိအောင်နေပေးနေတဲ့သူတွေကတော့ အိုပြီးသေတဲ့အထိ ချင်းတောင်ပေါ်မှာ ချင်းဓလေ့ထုံးစံတွေနဲ့ နေကြရသူတွေပါ။ သူတို့နဲ့အတူ သူတို့လိုမနေနိုင်ပေမယ့် သူတို့အတွက် အဝေးရောက် စောင့်ရှောက်သူဖြစ်ပါရစေလို့ ဆုတောင်းမိပါတယ်။

ဒေသခံတွေကလည်း ဘယ်လောက်တောင် သံယောဇဉ်ဖြစ်အောင် လုပ်သလဲဆိုတော့ ညှော့သည် ကျွန်တော့်ကို ကြိုဆိုတဲ့ဆိုင်းဘုတ်ထောင်၊ ကျွန်တော့်အပေါ် ကောင်းမြတ်တဲ့စောင့်ရှောက်မှုတွေရပါစေဆိုတဲ့ သီချင်းသီးသန့်စပ်ပြီး ရွာထိပ်မှာ ကကြပါတယ်။ ကျွန်တော်တို့အားလုံး လက်တွဲကနေကြတဲ့ ကြမ်းပြင်ကတော့ ဒုတိယကမ္ဘာစစ်လက်ကျန် သံချပ်ကာ ဘီးချိန်းကြိုးတွေပါပဲ။ ကနေတဲ့နေရာရဲ့ အမိုးကတော့ စစ်သုံးလေထီးအဟောင်းကြီးတစ်ခု ဖြစ်ပါတယ်။ ရွာနာမည်ကိုက **"လမ်းဇန်"** တဲ့ "ကကြတဲ့နေရာ"လို့ အဓိပ္ပာယ်ထွက်သတဲ့။

ရွာလူကြီးတွေနဲ့ စုပေါင်းကကြရင်း ကျေးရွာရဲ့ ရေလိုအပ်ချက်တွေကို စကားစပ်မိကြတယ်။ လမ်းဇန်ရွာကလေးမှာ စိမ့်စမ်းရေသွယ်စနစ်တစ်ခု ရရင် အတော်အဆင်ပြေမှာပဲလို့ သဘောပေါက်တယ်။ Gravity Flow System တစ်ခုပါ။ ချင်းတောင်ပေါ်မှာတော့ လူကြိုက်များကြတယ်။ ရွာဓလေ့အရတော့ စိမ့်စမ်းရေကို သစ်သားရေတံလျှောက်ကလေးနဲ့ အိမ်ရှေ့အရောက် သွယ်ယူလေ့ရှိကြတယ်။ တိုင်တွေထောက်ပြီး သွယ်ယူတဲ့စနစ်ဖြစ်ပေမယ့် ရေတံလျှောက်ပက်လက်ဖြစ်ပြီး ပွင့်နေတဲ့အတွက် ဖုန်တွေ၊ အမှုန်တွေ၊ ပိုးမွှားတွေ ကျရောက်နိုင်တယ်။ စိမ့်စမ်းရေသွယ်တည်ဆောက်ကာ ရယူစုဆောင်းရာကနေ ပိုက်တွေနဲ့သွယ်ယူတာမို့ ပိုပြီးလုံခြုံပိုးကင်းတယ်။ အဖိတ်အစဉ်လည်းမရှိဘူး။ ကျွန်တော်ရောက်ပြီး နှစ်ပေါင်းအတန်ကြာမှပဲ သူတို့ စိမ့်စမ်းရေသွယ်စနစ်တစ်ခု ရခဲ့ပါတယ်။ ကျွန်တော်လည်း မမေ့မလျော့ ရှေ့နေလိုက်စည်းရုံးပေးခဲ့ပါသေးတယ်။ ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုစနစ်ဟာ ဝေးလံခေါင်းပါးတဲ့ တိုင်းရင်းသားဒေသတွေအတွက် လျင်မြန်သွက်လက်ဖို့ လိုနေသေးတာ အမှန်ပါပဲ။




တောင်ဇလပ်တို့ပွင့်ရာမြေ ချင်းတောင်တန်း။



ဗိုလ်ဆွန်ပက်(ခေါ်) ဗိုလ်ကြွန့်ဘိ



ဦးဝမ်းကိုဟော



ဗိုလ်ကြီးတိုက်ချွန်း

တကယ်တော့ ချင်းတိုင်းရင်းသားတွေဟာ အင်္ဂလိပ်တွေကို ပထမဦးဆုံး တော်လှန်တိုက်ခိုက်ခဲ့ကြသူတွေပါ။ ဗိုလ်ဆွန်ပက်လို့ အမည်တွင်တဲ့ ဗိုလ်ကြွန့်ဘိ(ခ်) ဟာ အင်္ဂလိပ်တွေကို ပထမဦးဆုံး စိန်ခေါ်ခဲ့တဲ့ ချင်းခေါင်းဆောင်ပါပဲ။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွေမှာ အနုနည်းရော အကြမ်းနည်းပါ ထိပ်တန်းကပါခဲ့တဲ့ ချင်းခေါင်းဆောင်ကြီးတွေ များစွာရှိပါတယ်။ အဲဒီအထဲကမှ ပင်လုံစာချုပ်လက်မှတ်ရေးထိုးပွဲကိုတက်ခဲ့တဲ့ ချင်းခေါင်းဆောင်ကြီး ဦးဝမ်းကိုဟောရဲ့ မှတ်ချက်ကတော့စိတ်ဝင်စားစရာပါ။

ဒေါက်တာမောင်မောင် ပြုစုပြီး ၁၉၆၂ ခုနှစ်မှာ ထုတ်တဲ့ "Aung San of Burma" စာအုပ်ထဲက စာမျက်နှာ ၁၅၀ မှာ –

**"ပင်လုံညီလာခံ လုပ်စဉ်ကာလတစ်လျှောက် ချောမွေ့ပြေပြစ်ခြင်းမရှိခဲ့ကြောင်း၊ အာဏာနိုင်ငံရေးတွေ၊ လျှို့ဝှက်ကြံစည်မှုတွေ၊ မလိုလားအပ်တဲ့ အကြံပြုချက်တွေကို မလိုအပ်တဲ့ နိုင်ငံခြားသား အကြံပေးတွေက ပြုလုပ်ခဲ့ကြကြောင်း၊ လူအချို့ကလည်း ရသမျှအခွင့်အရေး အကုန်ယူပြီး ဘာမှပြန်မပေးကြတာကို တွေ့ရကြောင်း"** ရေးသားခဲ့ပါတယ်။

*စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုအောင်သံ

- တစ်ယောက်တည်းအား၊ ပေါင်းစုအားတို့
ခြားနားမှုလျှင်၊ ပြက်ပြက်ထင်မို့
ရင်လွှာပိုက်စွဲ၊ စဉ်အမြဲလျှင်
ချွတ်လွဲမရှိ၊ ကျင့်ကြံဘိသော်
ထိပါးရန်သူ၊ ကျူးလိုသူကို
လွယ်ကူဖြိုခွင်း ရန်မြုရှင်း…။
- မျိုးတူရာစု၊ အင်အားစုဖြင့်
ထုထည်ခိုင်ဖြိုး၊ ရှိန်ဝါကြီးသော်
ဝေးနီးချောင်းမြောင်း၊ ရန်အပေါင်းကို
ထောင်းထောင်းညက်ကြေ၊ နောင်ကြဉ်လေအောင်
ချေဖျက်နိုင်ကြ၊ သာဓကလျှင်
သုံးချနည်းယူ၊ ဖျက်ရန်သူကို
လွယ်ကူနှိမ်နင်း၊ ရန်မာန်ရှင်း…။
- အကယ်စင်ကား၊ ညီနောင်များတွင်
များပြားလှစွာ၊ သင်ခန်းစာတို့
ရင်လွှာမှတ်စွဲ၊ ရှိနေဆဲမင့်
အေးခဲမေ့လျော့
ပေါ့ဆစွာလျှင်၊ မဆင်ခြင်မူ
မထင်ဖြိုးဖျပ်၊ ဆုံးရှုံးတတ်သည်
လွတ်လပ်ရေးလည်း ပျောက်လွင့်ဝဲ…။
ပြန်လည်ရဖို့ လွန်ခက်ခဲ…။
- ပဝေရှေးမှ၊ ခုကာလထိ
ညွှန်းပြလောက်စွာ၊ တူမကွာလျှင်
မေတ္တာတုံ့နှင်း၊ နောင်ညီရင်းတို့
လက်ချင်းယှက်လျက်၊ ဘုန်းရှိန်ထက်သော်
လွင့်တက်အောင်လံ၊ အောင်တေးသံတို့
နဘံထက်တိုင်၊ ပဲ့တင်လှိုင်သည်
နိုင်ငံတို့ကြား လွန်ခန့်ညား…။
ပြည်ထောင်စုကြီး ဂုဏ်မြင့်မား…။
- “ညီညွတ်ခြင်း”သည်၊ “အင်အား”မည်မို့
ခိုင်ကျည်လက်တွဲ၊ ချိတ်ဆက်မြဲပြီ
သင်လည်းပါဝင် အားဖြည့်လှမ်း…။
ပြည်ထောင်စုကြီး အောင်သံလွှမ်း…။ ။

**မောင်စိမ်းနောင်(လယ်ဝေး)**

## မိုင်းယုမြို့၌ မိုင်းယု–ဒွန်းနွဲ့ကြိုးတံတား ရာနှုန်းပြည့်ပြီးစီး

မိုင်းယု ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဒွန်းနွဲ့ကျေးရွာအနီး မိုင်းယုမြို့နှင့် ဒွန်းနွဲ့ သွားလမ်းရှိ နမ့်ဖွန်ချောင်းပေါ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီမံမှုဖြင့် မိုင်းယု–ဒွန်းနွဲ့ကြိုးတံတားကို ဇန်နဝါရီလပထမပတ်ကစတင်၍ တည်ဆောက်နေလျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီ ဖြစ်သည်။

အဆိုပါကြိုးတံတားတည်ဆောက်နေမှုကို မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးလောထွေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြပ်မတ်စစ်ဆေးကာ ဒွန်းနွဲ့၊ ဝမ်နားမြတ်၊ တာပေါက်၊ မိုင်းလွေ၊ ဝမ်ဆလီ၊ ဝမ်ယမ်းခမ်းနှင့် ဝမ်ပေါက်ကျေးရွာတို့မှ ကျေးလက်နေပြည်သူများက အလှည့်ကျလုပ်အားဒါန ပါဝင်မှုဖြင့် တည်ဆောက်ကြခြင်းဖြစ်ပြီး ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။



ယင်းကြိုးတံတားကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏စီမံမှုဖြင့် တည်ဆောက်ပေးခြင်းဖြစ်ပြီး တံတား အရှည်ပေ ၁၀၀၊ အကျယ် ငါးပေ၊ အမြင့် ၃၇ ပေရှိသည့် ကြိုးတံတားဖြစ်ကြောင်း၊ အဆိုပါတံတားကိုဖြတ်သန်းသွားလာကြရမည့် ဒွန်းနွဲ့၊ ဝမ်နားမြတ်၊ တာပေါက်၊ မိုင်းလွေ၊ ဝမ်ဆလီ၊ ဝမ်ယမ်းခမ်းနှင့် ဝမ်ပေါက်ကျေးရွာတို့မှ ပြည်သူများအတွက် ကုန်စည်စီးဆင်းမှု၊ ကူးသန်းရောင်းဝယ်မှု၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးမှုတို့အတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် အဆိုပါ တံတားကို လာမည့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကိုကိုနိုင်

## သရက်၌ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေး

သရက် ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှူး ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများကို အခမဲ့စစ်ဆေးပေးခြင်း ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစားဝန်ထမ်းများအား အခမဲ့စစ်ဆေးပေးလျက်ရှိပြီး ဇန်နဝါရီ ၃၁ ရက်က ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေး စစ်ဆေးရန် လာရောက်သည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချိုဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)



စာမျက်နှာ ၁၀ မှ

အင်္ဂလိပ်လို မူရင်းအနေနဲ့ ဖော်ပြရရင် –

“Pang Long was not smooth going all along. There were in intriguses, unsolicited advises from unwanted foreign advisors, politics. There were people who wanted everything and would in retrun, give back nothing.” လို့ ပွင့်ပွင့်လင်းလင်း ရေးသားမှတ်တမ်းတင်ခဲ့တဲ့ ချင်းခေါင်းဆောင်ကြီးကို မမေ့နိုင်စရာပါပဲ။

မြန်မာ့လွတ်လပ်ရေးကို ပုံဖော်ခဲ့တဲ့ ပင်လုံစာချုပ်၊ ၁၉၄၇ ခုနှစ်မှာ ပြုလုပ်ခဲ့တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွေထဲမှာ အင်္ဂလိပ်တွေရဲ့ ဩဇာသက်ရောက်မှုတွေ ဘယ်လောက်ပါခဲ့သလဲဆိုတာကတော့ ဒီကနေ့အထိ ငြိမ်းငြိမ်းချမ်းချမ်း မနေရသေးတဲ့ ကျွန်တော်တို့ဘဝတွေက သက်သေပါပဲ။ ပိုပြီးဒုက္ခကြီးကြရတာကတော့ ချင်းတောင်တန်းကို တွယ်တာလှတဲ့ ချင်းလူကြီးတွေ၊ မိဘဘိုးဘွားခေါင်းချရာကို စွန့်ခွာမသွားရက်တဲ့၊ စွန့်ခွာမသွားနိုင်တဲ့ လူကြီးနဲ့ ကလေးငယ်တွေပါပဲ။ စပြီးအထိုင်ပျက်သွားခဲ့တဲ့ အချိန်ကတော့ ရှစ်လေးလုံးကာလပါပဲ။ နိုင်ငံရေးသဘောထားတွေ ကွဲလွဲသွားရာကနေ ငြိမ်းချမ်းသာယာတဲ့ တောင်ဇလပ်မြေဟာ အခြေပျက်သွားခဲ့တာ ဝမ်းနည်းစရာပါပဲ။

❖ **လွတ်လပ်ရေးမရခင်ကာလကစပြီး လွတ်လပ်စနိုင်ငံထဲမှာ ဖြစ်ပွားခဲ့တဲ့ ရောင်စုံသောင်းကျန်းသူတို့ရဲ့ အန္တရာယ်ကို အေးငြိမ်းသွားအောင် အသက်စွန့်တိုက်ပွဲဝင်ခဲ့ကြသူတွေထဲမှာ အထူးခြားဆုံး အပြောင်မြောက်ဆုံး ပုဂ္ဂိုလ်တစ်ဦးဟာ ချင်းတိုင်းရင်းသား ဗိုလ်ကြီးတိုက်ချွန်းပဲ ဖြစ်ပါတယ်။ တစ်ယောက်တည်းက အောင်ဆန်းသူရိယဘွဲ့နဲ့ သူရဘွဲ့ နှစ်ခုရခဲ့တာကလည်း သမိုင်းတင်ဖြစ်ရပ်ပါပဲ။ တိုင်းချစ်ပြည်ချစ်စိတ်တွေ အရင်းခံပြီး တိုင်းပြည်ရဲ့အန္တရာယ်ကို ကာကွယ်ခဲ့၊ အချုပ်အခြာအာဏာကို ထိန်းသိမ်းခဲ့ကြလို့လည်း ကျွန်တော်တို့တစ်တွေ ပညာတွေ အေးအေးချမ်းချမ်း သင်ယူခွင့်ရခဲ့ကြတာပါပဲ**

### ရောင်စုံသောင်းကျန်းသူတို့ရဲ့ အန္တရာယ်ကို အသက်စွန့်တိုက်ပွဲ ဝင်ခဲ့သူတွေထဲမှာ ချင်းတိုင်းရင်းသား ဗိုလ်ကြီးတိုက်ချွန်း

လွတ်လပ်ရေးမရခင်ကာလကစပြီး လွတ်လပ်စနိုင်ငံထဲမှာ ဖြစ်ပွားခဲ့တဲ့ ရောင်စုံသောင်းကျန်းသူတို့ရဲ့ အန္တရာယ်ကို အေးငြိမ်းသွားအောင် အသက်စွန့်တိုက်ပွဲဝင်ခဲ့ကြသူတွေထဲမှာ အထူးခြားဆုံး အပြောင်မြောက်ဆုံး ပုဂ္ဂိုလ်တစ်ဦးဟာ ချင်းတိုင်းရင်းသား ဗိုလ်ကြီးတိုက်ချွန်းပဲ ဖြစ်ပါတယ်။ တစ်ယောက်တည်းက အောင်ဆန်းသူရိယဘွဲ့နဲ့ သူရဘွဲ့ နှစ်ခုရခဲ့တာကလည်း သမိုင်းတင်ဖြစ်ရပ်ပါပဲ။ တိုင်းချစ်ပြည်ချစ်စိတ်တွေ အရင်းခံပြီး တိုင်းပြည်ရဲ့အန္တရာယ်ကို ကာကွယ်ခဲ့၊ အချုပ်အခြာအာဏာကို ထိန်းသိမ်းခဲ့ကြလို့လည်း ကျွန်တော်တို့တစ်တွေ ပညာတွေ အေးအေးချမ်းချမ်း သင်ယူခွင့်ရခဲ့ကြတာပါပဲ။

ဒီအခွင့်အရေးကို ချင်းတိုင်းရင်းသားတွေ တန်းတူရအောင်လုပ်နိုင်ဖို့ အများကြီးလိုပါသေးတယ်။ ချင်းတို့မြေမှာ ချို့တဲ့နေတဲ့ အိုင်အိုဒင်းဓာတ်ဆားဖြည့်ဆည်းဖို့ ကျွန်တော်တို့ အခြေခံက ကြိုးစားခဲ့ရပါတယ်။ အိုင်အိုဒင်းဓာတ်ဆားချို့တဲ့မှုကြောင့် ဉာဏ်ရည်မမီတာ၊ ကိုယ်အင်္ဂါချို့ယွင်းတာ၊ လည်ပင်းကြီးရောဂါတွေရပြီး အလှပျက်ကြရကာ ဒုက္ခိတဖြစ်ရရုံမက အလုပ်လုပ်နိုင်စွမ်းတွေပါ လျော့ကျခဲ့တာကို ကျွန်တော်တို့ ကျန်းမာရေးဌာနက ဦးဆောင်ပြီး ဌာနဆိုင်ရာအစုံနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြရာမှာတော့ အောင်မြင်မှုရခဲ့ပါတယ်။ ချင်းမိတ်ဆွေတွေက သတိထားမိပြီး ကျေးဇူးတင်စကားဆိုတာတွေကိုလည်း ဂုဏ်ယူခဲ့ရပါတယ်။

အခုလည်း ကျေးဇူးတင်ခံရမယ့် အလုပ်တစ်ခုကို လုပ်ကြပါဦးမယ်။ ၂၀၂၀ ပြည့်နှစ်ကတည်းက “ကိုဗစ်–၁၉” ကပ်ဆိုးကြောင့် အဆက်ပျက်သွားတဲ့ ရောဂါကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းအတွက် အားစိုက်ရပါဦးမယ်။ အခွင့်အရေးလွတ်သွားတဲ့ ငါးနှစ်အောက်ကလေးမှန်သမျှ တစ်ယောက်မကျန် ကာကွယ်ဆေးထိုးခွင့်ရအောင် စီစဉ်နေကြပါတယ်။ အလွန်ဈေးကြီးတဲ့ ကာကွယ်ဆေးတွေကို အခမဲ့ထိုးနှံတိုက်ကျွေးကြပါမယ်။ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့နဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ပူးပေါင်းပြီး ကူညီကြပါလိမ့်မယ်။ ပုံမှန် ကာကွယ်ဆေးစီမံချက်ကို တစ်တွဲတည်း ဆောင်ရွက်ကြပါမယ်။

အရေးကြီးတာကတော့ ကလေးတွေ ကာကွယ်ဆေး တိုက်ကျွေးထိုးနှံပေးမယ့်စုရပ်ကို ရောက်လာကြဖို့ပါပဲ။ တောင်ပေါ်အရောက်ပို့ပေးမယ့်သူတွေလည်း အဆင်သင့်ပဲ။ ကလေးတွေရဲ့ ဘဝရှေ့ရေးအတွက် ပျော်ရွှင်ကျန်းမာ အသက်ရှည် ဉာဏ်ရည်ထက်ဖို့အတွက် အားလုံး ပူးပေါင်းကြမယ်။ တောင်ဇလပ်ပန်းလေးတွေ မွှေးပျံ့စေရမယ်။ ။

# အစ္စရေးနှင့် ဟားမားစ်တိုက်ပွဲများ ဖြစ်ပွားချိန်မှစတင်ကာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အရှေ့အလယ်ပိုင်းဒေသသို့ ငါးကြိမ်မြောက် သွားရောက်မည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် မကြာမီအချိန်အတွင်း အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိကြီးတစ်ဦးက ဇန်နဝါရီ ၃၁ ရက်တွင် ပြောသည်။

အရှေ့အလယ်ပိုင်း ခရီးစဉ်အတွင်း အစ္စရေး အပါအဝင် အိမ်နီးချင်းနိုင်ငံများသို့သွားရောက်မည်ဖြစ်သည်။ ၎င်း၏ခရီးစဉ်အတွင်း ဟားမားစ်တို့ဖမ်းဆီးထားသည့် ဓားစာခံများ ပြန်လွှတ်ပေးရေးအတွက် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် ဆွေးနွေးသွားမည်ဟု မျှော်လင့်ရသည်။

ထို့ပြင် ဟားမားစ်နှင့် အစ္စရေးတို့ တိုက်ပွဲများ ရပ်နားရန်လည်း ဆွေးနွေးသွားမည်ဟု ယူဆရသည်။ တိုက်ပွဲများအဆုံးသတ်သွားပါက ဂါဇာကမ်းမြောင်ဒေသတွင် မည်သို့စီမံခန့်ခွဲသွားမည်ကိုလည်း ဆွေးနွေးသွားဖွယ်ရှိသည်။

နောက်ထပ်ဆွေးနွေးရမည့် အကြောင်းအရာတစ်ခုမှာ ဇန်နဝါရီလနှောင်းပိုင်းအတွင်း ဂျော်ဒန်ရှိ အမေရိကန်စစ်စခန်းတစ်ခု တိုက်ခိုက်ခံရကာ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးစေသည့်အကြောင်းအရာပင်ဖြစ်သည်။

ပင်လယ်နီတွင် ယီမင်အစိုးရဆန့်ကျင်ရေးသူပုန်များဖြစ်သည့် ဟူသီတို့က ကုန်တင်သင်္ဘောကြီးများကို အကြိမ်ကြိမ်တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ဒေသတွင်းတင်းမာမှုများမဖြစ်ပွားစေရေး ဘလင်ကန်က အခြားသောနိုင်ငံများကို တိုက်တွန်းသွားမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း အစ္စရေးနှင့် ဟားမားစ်တို့တိုက်ပွဲများ စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် အရှေ့အလယ်ပိုင်းဒေသသို့ ငါးကြိမ်မြောက် ခရီးသွားခြင်းလည်း ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်။

# ၂၀၂၄ ပထမလတွင် သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားခရီးသွား နှစ်သိန်းကျော် လာရောက်

**ကိုလံဘို ဖေဖော်ဝါရီ ၁**

၂၀၂၄ ခုနှစ် ပထမလတွင် သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားခရီးသွား နှစ်သိန်းကျော် လာရောက်ခဲ့ကြောင်း သီရိလင်္ကာခရီးသွားဖွံ့ဖြိုးမှုအာဏာပိုင်အဖွဲ့၏ နောက်ဆုံး စာရင်းဇယားများက ဖော်ပြသည်။

အဆိုပါ စာရင်းဇယားတွင် သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၂၀၁၆၈၇ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ လာရောက်လည်ပတ်သူများတွင် အိန္ဒိယ၊ ရုရှား၊ ဂျာမနီ၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဩစတြေးလျနှင့် တရုတ်နိုင်ငံတို့သည် အများဆုံးဖြစ်သည်။



သီရိလင်္ကာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားခရီးသွား ၁၄၈၇၃၀၁၃ ဦးကို လက်ခံခဲ့သည်။ အဆိုပါပမာဏသည် ၂၀၂၂ ခုနှစ်ထက် ၁၀၆ ဒသမ ၆ ရာခိုင်နှုန်းပိုကြောင်း တရားဝင်စာရင်းဇယားများအရ သိရသည်။

ခရီးသွားကဏ္ဍသည် သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားရန်ပုံငွေရှာဖွေပေးသည့် ထိပ်တန်းကဏ္ဍတစ်ခုဖြစ်ပြီး ယခုနှစ် ၂၀၂၄ ခုနှစ်တွင် နိုင်ငံခြားခရီးသွား နှစ်သန်းကို ဆွဲဆောင်သွားနိုင်မည်ဟု မျှော်လင့်ထားသည်။ **ဆင်ဟွာ**

# ၂၀၂၃ ခုနှစ်အတွင်း စင်ကာပူနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာ

**စင်ကာပူ ဖေဖော်ဝါရီ ၁**

၂၀၂၃ ခုနှစ်အတွင်း စင်ကာပူနိုင်ငံသို့ လာရောက်သည့် အပြည်ပြည်ဆိုင်ရာခရီးသွားဦးရေမှာ ၁၃ ဒသမ ၆ သန်းအထိ ရှိခဲ့သည်။

အဆိုပါပမာဏမှာ ၂၀၁၉ ခုနှစ် ကပ်ရောဂါမတိုင်မီကာလက ခရီးသွားဦးရေ၏ ၇၁ ရာခိုင်နှုန်းရှိသည်ဟု စင်ကာပူနိုင်ငံ၏ ခရီးသွားလာရေးဘုတ်အဖွဲ့က ဖေဖော်ဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။ ခရီးသွားလုပ်ငန်းမှ တစ်နှစ်ပတ်လုံးဝင်ငွေ စင်ကာပူဒေါ်လာ ၂၄ ဒသမ ၅ ဘီလီယံမှ ၂၆ ဘီလီယံအထိ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်း စင်ကာပူသို့ အဓိကလာရောက်သည့် ခရီးသွားများမှာ အင်ဒိုနီးရှား၊ တရုတ်နှင့် မလေးရှားနိုင်ငံတို့မှဖြစ်သည်။ ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်း ခရီးသွားလုပ်ငန်းမှ အလုပ်အကိုင်ပေါင်း ၇၂၀၀၀ ဖန်တီးပေးနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ ပြန်လည်ကောင်းမွန်လာမည်ဟု စင်ကာပူနိုင်ငံ၏ ခရီးသွားလာရေးဘုတ်အဖွဲ့က ခန့်မှန်းထားသည်။ ၂၀၂၄ ခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာမှ ခရီးသွား ၁၅ သန်းမှ ၁၆ သန်းအထိ စင်ကာပူနိုင်ငံသို့ လာရောက်နိုင်မည်ဟုလည်း ခန့်မှန်းထားသည်။

**ဆင်ဟွာ**



# ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း အင်မရန်ခန်း ထောင်ဒဏ် ၁၄ နှစ် ချမှတ်ခံရ

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁**

ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း အင်မရန်ခန်းကို ဇန်နဝါရီ ၃၁ ရက်က အကျင့်ပျက်ခြစားမှုအတွက် ထောင်ဒဏ် ၁၄ နှစ် ချမှတ်ခဲ့သည်ဟု သိရသည်။

နိုင်ငံတော် လျှို့ဝှက်ချက်ပေါက်ကြားမှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံရပြီး နောက်တစ်နေ့တွင်ပင် ယခုလို ထောင်ဒဏ် ၁၄ နှစ် ချမှတ်ခံရခြင်းဖြစ်သည်။ နိုင်ငံခြားအစိုးရ အရာရှိကြီးများထံမှ လက်ဆောင်များ လက်ခံရရှိပြီးနောက် မှန်ကန်သည့် အစီရင်ခံတင်ပြမှုမလုပ်ခဲ့ဟု အင်မရန်ခန်းနှင့် ပတ်သက်၍ အစ္စလာမ္မာဘတ်မြို့ အနီးရှိ အကျဉ်းထောင်တစ်ခု အတွင်းရှိ ထောင်တွင်းတရားရုံးက ပြောသည်။

အင်မရန်ခန်းသည် ခရစ်ကက်ကြယ်ပွင့်ဟောင်း တစ်ဦးဖြစ်ပြီး လူငယ်များကြားတွင် ရေပန်းစားသူလည်း ဖြစ်သည်။

၎င်းသည် ၂၀၁၈ ခုနှစ်မှ စတင်ကာ ဝန်ကြီးချုပ်အဖြစ် လေးနှစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ပြီးခဲ့သည့်ဩဂုတ်လအတွင်း အကျင့်ပျက်ခြစားမှုဖြင့် ၎င်းကို ဖမ်းဆီးခဲ့သည်။ ပါကစ္စတန်နိုင်ငံသည် ဖေဖော်ဝါရီ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



# ဖိလစ်ပိုင်နိုင်ငံ မနီလာတောင်ပိုင်းရှိ မီးရှူးမီးပန်းစက်ရုံ မီးလောင်ပြီး လူနှစ်ဦးသေဆုံး

**မနီလာ ဖေဖော်ဝါရီ ၁**

ဖိလစ်ပိုင်နိုင်ငံ မနီလာတောင်ပိုင်း လာဂူနာပြည်နယ်ရှိ အသေးစားမီးရှူးမီးပန်းစက်ရုံတစ်ရုံ၌ ဖေဖော်ဝါရီ ၁ ရက်က မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့သောကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး ခြောက်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဒေသရဲတပ်ဖွဲ့က ပြောကြားသည်။

မီးလောင်ပေါက်ကွဲမှုသည် လာဂူနာပြည်နယ် ကာဘူရိုမြို့၌ မွန်းလွဲပိုင်းတွင် ဖြစ်ပွားခဲ့သည်။ အခင်းဖြစ်ပွားရာ၌ လူနှစ်ဦး ပွဲချင်းပြီးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများမှာလည်း စိုးရိမ်ရသောအခြေအနေတွင်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အခြားစက်ရုံများနှင့် လူနေအိမ်များကို မီးကူးစက်လောင်ကျွမ်းမှုမရှိစေရန် ကာကွယ်သည့်အနေဖြင့် မီးလောင်မှုဖြစ်ပွားပြီး နှစ်နာရီကြာပြီးနောက် မီးသတ်သမားများက မီးကိုငြိမ်းသတ်နိုင်ခဲ့သည်။

မီးသည်စက်ရုံကို မဝါးမျိုမီ ကျယ်လောင်သည့် မီးလောင်ပေါက်ကွဲသံများကို ကြားရကြောင်း မျက်မြင်သက်သေများက ပြောသည်။

မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို ဆက်လက်စုံစမ်းလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ **ဆင်ဟွာ**

# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ဖျက်ဆီးမှုအပေါ် ကန့်ကွက်ရှုတ်ချပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

အကြမ်းဖက် သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များကို ဖျက်ဆီးစော်ကားမှုအား ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြို့တော်ခန်းမအရှေ့ မဟာဗန္ဓုလပန်းခြံဘေး ယာဉ်ရပ်နားကွင်း၌ ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ ထိပါးစော်ကားဖျက်ဆီးနေသည့် အကြမ်းဖက်သမားများနှင့် ဘာသာဖျက်များအား ကန့်ကွက်ရှုတ်ချပွဲကို ကျင်းပပြုလုပ်သည်။

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲတွင် သံဃာတော်များနှင့် မျိုးချစ်ပြည်သူများက ဘာသာသာသနာအပေါ် အလေးအနက်ထားထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ဟောပြောဆွေးနွေးခြင်းနှင့် သဘောထား ထုတ်ပြန်ချက်များ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ပြီး တက်ရောက်လာကြသူများက "ဒို့ဘာသာ၊ ဒို့သာသနာကိုစော်ကားသူမှန်သမျှ (ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်မှန်သမျှ (ဆန့်ကျင်ကြ)၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ (အလိုမရှိ)၊ ဒို့ဘာသာကို စော်ကားနေသည့် သာသနာဖျက်လောက်ကောင်များ (အလိုမရှိ)၊ သာသနာဖျက် အကြမ်းဖက်များအား အမြစ်ဖြုတ်သုတ်သင်ရေး (ဒို့အရေး)၊ လူသတ်အကြမ်းဖက်မှန်သမျှ (ဆန့်ကျင်ကြ)၊ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်တိုင်းရင်းသားများ ကိုးကွယ်ယုံကြည်သည့် ဘုရား၊ စေတီ၊ ဆင်းတုတော်များ



အား စော်ကားဖျက်ဆီးသူ (ဒို့ရန်သူ)၊ ဘုရား၊ စေတီ၊ ဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာသောင်းကျန်သူများ (ကျရှုံး ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြပါစေ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုလဲမြို့နယ် ကံကြီးရွာကို တပ်မတော်က လေကြောင်းမှဗုံးကြဲခဲ့ခြင်းကြောင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး ၁၅ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကံကြီးရွာကို ဇန်နဝါရီ ၃၁ ရက်က တပ်မတော်မှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး ၁၅ ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကာ နေအိမ်များလည်း ပျက်စီးသွားခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ DVB က လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရသည်။




PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများကို အဓိကထား၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ Drone များဖြင့် ဗုံးကြဲခြင်း၊ လက်လုပ်ဗုံးသီး၊ လက်လုပ်စိန်ပြောင်းများဖြင့် ကျေးရွာများအတွင်း ပစ်ခတ်ခြင်းများကြောင့် ပြည်သူများသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရရှိခြင်းများနှင့် နေအိမ်များ မီးလောင်ဆုံးရှုံးမှုများ ဖြစ်ပွားလျက်ရှိသည်။

ယခုဖြစ်စဉ်တွင်လည်း ပုလဲမြို့နယ် ကံကြီးရွာကို တပ်မတော်မှ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်း မရှိကြောင်း လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရှိရပြီး မြေပြင်သတင်းပေးပို့ချက်အရ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် ကံကြီးကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက Drone များဖြင့် ဗုံးကြဲခဲ့ခြင်းကြောင့်သာဖြစ်ပြီး တရားမဝင် ပြည်ဖျက်မီဒီယာများမှ ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

အား/ကာသိပ္ပံအသင်းမှာလည်း မတ်လတွင်စတင်ကျင်းပမည့် MNL Cup ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းအတွက် ဂိုးကို ဟိန်းထက်အောင်က သွင်းယူပြီး အား/ကာသိပ္ပံအသင်းအတွက် ဂိုးကို သိန်းဇော်သီဟက သွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဒုတိယအကြိမ် လေ့ကျင့်မှုအဖြစ် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ လေ့ကျင့်နေခြင်းဖြစ်ပြီး ပြည်ပကလပ်များတွင် ကစားနေသူများမှာ သက်ဆိုင်ရာကလပ်များနှင့် လေ့ကျင့်နေသဖြင့် ပြည်တွင်းကလပ်များတွင် ကစားနေသူများကိုသာ ဦးစားပေးလေ့ကျင့်ပေးနေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲသုံးပွဲကစားထားရာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပထမအကြိမ်လေ့ကျင့်ရာတွင် ခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ပြီး ယခုဒုတိယအကြိမ် လေ့ကျင့်ရာတွင် ခြေစမ်းပွဲထပ်မံကစားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲများတွင် သစ္စာအားမာန်အသင်းကို လေးဂိုး - နှစ်ဂိုး၊ မြဝတီအသင်းကို လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရပြီး အား/ကာသိပ္ပံအသင်းနှင့် သရေကျခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

❖ *ကျောဖုံးမှ*

ရရှိခဲ့ပြီး ဂိုးပေါက်တည့်မှု ၁၃ ကြိမ်တွင် လေးကြိမ်ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ခြင်းဖြစ်သည်။ အသင်းတိုက်စစ်ကစားသမား နူနက်ဇ်သည် ၂၀၀၃-၂၀၂၄ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ပြိုင်ပွဲတွင် ဂိုးဘားတန်းလေးကြိမ်ထိမှန်သည့် ပထမဆုံးကစားသမား ဖြစ်လာခဲ့သည်။

လီဗာပူအသင်းအတွက် သွင်းဂိုးများကို ဂျိုတာ၊ ဘရက်ဒလေ၊ စဘော့ဆလိုင်းနှင့် ဒီယက်ဇ်တို့က သွင်းယူပေးပြီး ချယ်ဆီးအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို အန်ခွန်ကူက သွင်းယူပေးခဲ့သည်။ လီဗာပူးနှင့် ချယ်ဆီးအသင်းတို့သည် ဖေဖော်ဝါရီ ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ကာရာဘောင်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင်လည်း ထပ်မံယှဉ်ပြိုင်ကစားသွားရဦးမည်ဖြစ်သည်။ ပရီမီယာလိဂ်ပွဲစဉ် (၂၂) မှ အခြားသော ပွဲစဉ်ရလဒ်များတွင် မန်စီးတီးက ဘန်လေကို သုံးဂိုး - တစ်ဂိုး၊ စပါးက ဘရန့်ဖို့ဒ်ကို အကြိတ်အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် ၇ ဒသမ ၅၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ဒသမ ၂ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၈ ကီလိုနှင့် ကက်တမင်း ၅၀ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် ၇ ဒသမ ၅၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ဒသမ ၂ သိန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ၄၈ ကီလိုနှင့် ကက်တမင်း ၅၀ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၈) ရပ်ကွက် ဝေဇယန္တာ လမ်းမပေါ်တွင် တင့်ဇော် မောင်းနှင်ပြီး မိုးနိုင်စိုး (ခ)ရွှေသီးနှင့် မနဝရတ်ထွန်းတို့ လိုက်ပါလာသည့် Ford Everest မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ၃၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး ဖမ်းမိတရားခံ တင့်ဇော်နှင့် နဝရတ်ထွန်းတို့ နေထိုင်သည့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၉)ရပ်ကွက် မဟာဗန္ဓုလလမ်းရှိ နေအိမ်မှ



ပြစ်မှုကျူးလွန်သူများနှင့် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

အိုက်စ် (မက်သ်အဖက်တမင်း) ၁၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ကိုလည်းကောင်း၊ တင့်ဇော် ငှားရမ်းထားသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂) ရပ်ကွက် သခင်အုန်းဖေကြီးလမ်းရှိ ခြံဝင်းအတွင်းရှိ Toyota Alphard ယာဉ်နှင့် Container Box အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ဒသမ ၂ သိန်း၊ ကက်တမင်း ၅၀ ကီလို၊ အိုက်စ် (မက်သ်အဖက်တမင်း) ၁၀ ကီလိုကို လည်းကောင်း၊ ထပ်မံဖော်ထုတ်သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၇ ဒသမ ၅၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ဒသမ ၂၀၄ သိန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ၄၈ ဒသမ ၀၁၅ ကီလိုနှင့် ကက်တမင်း ၅၀ ကီလို သိမ်းဆည်းရမိခဲ့ပြီး ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ ကျော်ဇေယျာညွန့် (ခ) ကျော်ဇေယျ(ခ)ကြောင်ပူအား တာချီလိတ်မြို့ ဆန်ဆိုင်း (က) ရပ်ကွက် အနောက်မြို့ရှောင်လမ်းရှိ ဟိုတယ်တွင် ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်၍ ခေတ္တသိုလှောင်ထားရှိကာ ၎င်းမှတစ်ဆင့် ကရင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**



ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဘိုကလေးမြို့ အမှတ်(၁၀)ရပ်ကွက်အတွင်း လူနေအိမ်များ၌ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားမှုကို ဇန်နဝါရီ ၃၁ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များပူးပေါင်းကာ တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

မိုးစက်(ဘိုကလေး)

## ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်ခ်မက်)အတွက် Logo Design ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း အသိပေးခြင်း




၁။ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်) (Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy ACMECS) အဖွဲ့အတွက် Logo Design ပြိုင်ပွဲကို ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု အမေရိကန်ဒေါ်လာ ၁၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၅၀၀ နှင့် တတိယဆု အမေရိကန်ဒေါ်လာ ၃၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါပြိုင်ပွဲသို့ အသက် ၁၅ နှစ်နှင့်အထက် မြန်မာနိုင်ငံသားများ တစ်ဦးချင်းသို့မဟုတ် အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ Logo Design ၏ Theme မှာ "ACMECS as an adaptive and forward-looking sub-regional cooperation framework and connector with other sub-regional and regional frameworks towards a prosperous and sustainable Mekong sub-region" ဖြစ်ပါသည်။ ပြိုင်ပွဲလျှောက်လွှာများကို ACMECS Interim Secretariat ၏ အီးမေးလ် acmecs.sec@gmail.com သို့ ၂၀၂၄ ခုနှစ် **ဖေဖော်ဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ** ပေးပို့လျှောက်ထားနိုင်ပါသည်။

၃။ အက်ခ်မက် Logo Design ပြိုင်ပွဲဝင်သူများ သိရှိလိုက်နာရန်နှင့် နည်းပညာဆိုင်ရာ အဓိကအချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ပြိုင်ပွဲဝင်သူသည် Logo Design ရေးဆွဲသူကိုယ်တိုင်ဖြစ်ရမည်။ Logo Design သည် မူရင်းဖြစ်ရမည်။ အငြင်းပွား/ကန့်ကွက်ဖွယ်ရာများ မပါရှိရ။ အခြားအဖွဲ့အစည်း၏ ဉာဏပိုင်ဆိုင်မှုအခွင့်အရေးကို ဖောက်ဖျက်ခြင်းမရှိရ။

(ခ) ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ACMECS Interim Secretariat တို့သည် ပြိုင်ပွဲဝင် Logo Design နှင့် ပတ်သက်သည့် မူပိုင်ခွင့်ချိုးဖောက်မှု၊ ဉာဏပိုင်ဆိုင်မှုချိုးဖောက်မှုများနှင့် ပြင်ပအဖွဲ့အစည်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တာဝန်မယူပါ။

(ဂ) ဆုရရှိသည့် Logo Design သည် ACMECS Interim Secretariat ၏ ဉာဏပိုင်ဆိုင်မှုဖြစ်ပြီး ဆုရရှိသူအနေဖြင့် ဆုလက်ခံပြီးသည့်အချိန်မှစ၍ ၎င်း Logo Design နှင့်ပတ်သက်၍ မည်သည့်အခွင့်အရေးမှ ခံစားနိုင်မည်မဟုတ်ပါ။

(ဃ) ပြိုင်ပွဲဝင်များသည် Logo Design ကို JPEG/PNG/PDF ဖိုင်အမျိုးအစားဖြင့် ပေးပို့ရမည်။ Logo သည် High Resolution နှင့် အနည်းဆုံး 300 DPI အရွယ်အစား ဖြစ်ရမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ရေးဆွဲထားသော Logo ဖြစ်ရမည်။ ပြိုင်ပွဲဝင်များသည် Logo Design ကို ရေစာ (imprint/watermark) ကဲ့သို့ ရေးဆွဲ၍ မရပါ။ Logo Design သည် အရောင်ဖြင့်ဖြစ်ရမည်။

(င) ဆုရွေးချယ်ခံရသူသည် ၎င်း Logo Design ကို အချိုးအစားအတိအကျ ဖော်ပြထားသည့် Specification Sheet ဖြင့် Final Design၊ Theme Synopsis နှင့် Concept တို့နှင့်အတူ ပေးပို့ရမည်။ ဆုရွေးချယ်ခံရသူသည် ၎င်း Logo Design ကို ပြုပြင်နိုင်သော Open File Format ဖြင့်လည်း ပေးပို့ရမည်။

၄။ ပြိုင်ပွဲဝင်များအား အောက်ပါအတိုင်း စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင် လျှောက်လွှာများကို ACMECS Interim Secretariat မှ စိစစ်လက်ခံ၍ အက်ခ်မက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဆုရွေးချယ်ရေးကော်မတီမှ အကဲဖြတ်ရွေးချယ်မည်ဖြစ်သည်။

(ခ) ပြိုင်ပွဲဝင်လျှောက်လွှာများကို တီထွင်ဆန်းသစ်မှု၊ မူပိုင်ဒီဇိုင်းဖြစ်မှု၊ ဖွဲ့စည်းတည်ဆောက်မှု၊ နည်းပညာဆိုင်ရာအရည်အသွေးပြည့်ဝမှု၊ ရိုးရှင်းမှု၊ အနုပညာ ဆန်မှု၊ အမြင်သင့်လျော်မှုနှင့် Logo Design ၏ Theme နှင့် လိုက်လျောညီထွေရှိမှုတို့အပေါ် အခြေခံ၍ အကဲဖြတ်သွားမည်။

(ဂ) သတ်မှတ်ချက်နှင့် မကိုက်ညီသည့် ပြိုင်ပွဲဝင်လျှောက်လွှာများကို ACMECS Interim Secretariat မှ အသုံးပြုမည်မဟုတ်ပါ။ ပြိုင်ပွဲ/ပြိုင်ပွဲဝင်လျှောက်လွှာများ/ ဆုရရှိသူများနှင့် ပတ်သက်၍ ဥပဒေကြောင်းအရ ဆောင်ရွက်ရန်ကိစ္စရပ်တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ထိုင်းနိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

၅။ ပြိုင်ပွဲလျှောက်လွှာပုံစံ (Application Form)၊ Terms and Conditions နှင့် ပြိုင်ပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များကို https://shorturl.at/zAJOW နှင့် ပူးတွဲကြော်ငြာချက်ပါ QR Code တို့တွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထောင်ဝိကွင်းကုန်ထုတ်လမ်းဖွင့်

**ဘားအံ ဖေဖော်ဝါရီ ၁**

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော ဘားအံမြို့ အမှတ်(၈) ရပ်ကွက် ထောင်ဝိကွင်း အမှတ်(၁၁၈၄) ကုန်ထုတ်လမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပသည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ ထောင်ဝိကွင်း ကုန်ထုတ်လမ်းအား ကြည့်ရှုစစ်ဆေးစဉ်။

ကုန်ထုတ်လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ထောင်ဝိကွင်း ကုန်ထုတ်လမ်းကို ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ဆောင်ရွက်ပေးရန် လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပေါင်းစပ်တင်ပြခြင်းဖြင့် မိမိဒေသဖွံ့ဖြိုးအောင်၊ ခေတ်မီသည့် စံပြကျေးရွာများဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ကုန်ထုတ်လမ်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကုန်ထုတ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကုန်ထုတ်လမ်းသည် စိုက်ဧက ၃၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၃၅ ဒသမ ၁၃၅ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ လမ်းအရှည် ၅၂၈၀ ပေ၊ အကျယ် ၁၆ ပေရှိသည်။

